# မြဝတီ နေ့စဉ်

အချိန်မီပြန့်ချိ သတင်းစုံသည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၆၁)

၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်
၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်၊ ကြာသပတေးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ်



## အားကစားကဏ္ဍ တိုးတက်အောင်မြင်ခြင်းသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များကို အောင်မြင်စွာ မြှင့်တင်ပေးနိုင်ခြင်းပင်ဖြစ်

နေပြည်တော် စက်တင်ဘာ ၂၅

အားကစားကဏ္ဍတိုးတက်အောင်မြင်ခြင်းသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာစွမ်းဆောင်ရည်များ မြှင့်တင်ပေးနိုင်ပြီး လူသားအရင်းအမြစ်အား တိုက်ရိုက်ဖွံ့ဖြိုးစေနိုင်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်သည့် ၂၀၂၄ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)

**စာမျက်နှာ ၁၆ ကော်လံ ၁** ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနား၌ အဖွင့်အမှာစကားပြောကြားစဉ်။






## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်)

# နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအဖြစ်တက်လှမ်း

၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားအား နေပြည်တော် ဇေယျာသီရိအားကစားကွင်း၌ စက်တင်ဘာလ ၂၅ ရက် ညနေ ၃ နာရီ ၁၀ မိနစ်တွင် ကျင်းပခဲ့ပြီး အခမ်းအနားကျင်းပပုံများကို ရုပ်မြင်သံကြားမှတိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင်အားကစားကဏ္ဍသည်လည်းတစ်ခုပါဝင်သည်။ တပ်မတော်သားတို့သည် ကျန်းမာအောင်နေပါ၊ သန်စွမ်းအောင်လေ့ကျင့်ပါဟူသော ကျင့်ဝတ်နှင့်အညီ နေထိုင်ကြရသူများဖြစ်သည်။ ကျန်းမာရေးနှင့်သန်စွမ်းရေးအတွက်မဖြစ်မနေလုပ်ဆောင်ရမည့်အရာသည် အားကစားဖြစ်သည်။ နေ့စဉ်လမ်းလျှောက်ခြင်းမှသည် မိမိတို့ကျွမ်းကျင်သည့်ပညာရပ်များကို ထူးချွန်စွာလေ့ကျင့်နေခြင်းမှာ အားကစားဆောင်ရွက်ခြင်းဖြစ်သည်။ နိုင်ငံတော်အတွက် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများပေါ်ထွန်းရေးတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများသည်လည်း များစွာအထောက်အကူပြုလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် **"တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး"** ကို ဦးတည်ချက်တစ်ရပ်ချမှတ်ကာ ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အားကစားတွင် ထူးချွန်စွာအောင်မြင်သူများကို ထိုက်ထိုက်တန်တန်ဂုဏ်ပြုချီးမြှင့်လျက်ရှိသည်။ ထိုသို့ချီးမြှင့်ခဲ့မှုများအနေဖြင့် အာရှနှင့်အရှေ့တောင်အာရှအဆင့် အားကစားပြိုင်ပွဲကြီးများအပါအဝင် နိုင်ငံတကာအားကစားပြိုင်ပွဲကြီးပေါင်း ၂၂ ခုသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် ၇၇ ခု၊ ငွေတံဆိပ် ၈၇ ခုနှင့် ကြေးတံဆိပ် ၁၅၉ ခုရရှိအောင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် နိုင်ငံ့လက်ရွေးစင်အားကစားသမားများကို အခမ်းအနားများကျင်းပပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင်တက်ရောက်၍ ဆုကြေးငွေများချီးမြှင့်ခဲ့သည်။ ထိုသို့ချီးမြှင့်ခဲ့ရာတွင် ဆုကြေးငွေအားဖြင့် ငွေကျပ် ၇၄၅၂၃ သိန်းနှင့် အမေရိကန်ဒေါ်လာ ၁၃၃၉၀၀ တို့ကို အားကစားသမားများအား ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ချီးမြှင့်ခြင်းသည် မျိုးဆက်သစ်လူငယ်များအနေဖြင့် နိုင်ငံ့ဂုဏ်ဆောင်လိုသည့် စိတ်ဓာတ်ပေါ်ပေါက်လာစေရန်ရည်ရွယ်ပြီး ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

အားကစားဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ကျန်းမာကြံ့ခိုင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယကြိုးစားမှုနှင့် စည်းလုံးညီညွတ်မှုတို့ကိုပေါ်လွင်စေနိုင်ပြီး အားကစားပြိုင်ပွဲများသည် တရားမျှတမှုရှိသည့် စွမ်းရည်ပြယှဉ်ပြိုင်မှုများဖြစ်သည်။ နိုင်ငံကိုယ်စားပြုအားကစားသမားတစ်ဦးဖြစ်လာရန်မှာ လွယ်ကူသောကိစ္စရပ်မဟုတ်ပေ။ မိမိကျွမ်းကျင်သည့်အားကစားကို ထူးချွန်စွာတတ်မြောက်ရမည့်အပြင် ယုံကြည်ချက်၊ ခံယူချက်လည်းရှိထားရမည်ဖြစ်သည်။ ယုံကြည်ချက်ဆိုသည်မှာ မိမိတတ်ကျွမ်းသည့်ဘာသာရပ်၊ မိမိအရည်အချင်းအပေါ်ယုံကြည်မှုရှိရမည်။ ခံယူချက်ဆိုသည်မှာ ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသားတို့အတွက် ငါအကောင်းဆုံးဖြစ်အောင်ကြိုးစားယှဉ်ပြိုင်မည်ဟူသောစိတ်ဓာတ်ဖြစ်သည်။

တပ်မတော်သို့ဝင်ရောက်စစ်မှုထမ်းဆောင်ကြသူ လူငယ်မောင်မယ်များမှာ ကျန်းမာသန်စွမ်းသူများဖြစ်ကြသည်။ ကျန်းမာသန်စွမ်းမှုရှိမှလည်း နိုင်ငံ့တာဝန်များကိုကျေပွန်စွာထမ်းဆောင်နိုင်ကြပေမည်။ ကျန်းမာသန်စွမ်းမှုရှိစေရေးအတွက် တပ်ရင်း/တပ်ဖွဲ့၊ ဌာနချုပ်များတွင် နေ့စဉ်ကျန်းမာရေးလေ့ကျင့်ခန်းများလုပ်ဆောင်ကြရသည်။ နေ့စဉ်နံနက်တိုင်းတွင် PT အပြေးလေ့ကျင့်ကြရသည်။ အပြေးလေ့ကျင့်ခြင်း၊ ကိုယ်လက်ကြံ့ခိုင်မှုလေ့ကျင့်ခန်းများလုပ်ဆောင်နေခြင်းကြောင့်လည်း တပ်မတော်သားတိုင်းကျန်းမာလျက်ရှိကြသည်ဟုဆိုနိုင်သည်။ ကျန်းမာကြံ့ခိုင်မှုရှိနေမှလည်း နိုင်ငံ့တာဝန်များကိုကျေပွန်စွာထမ်းဆောင်နိုင်မည်ဖြစ်သည့်အပြင် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

တပ်မတော်သားတစ်ဦးဖြစ်လျက်နှင့် စစ်မြေပြင်ဒဏ်ရာရရှိမှုမှလွဲ၍ မကျန်းမမာဖြစ်ခြင်းမျိုးသည် လွန်စွာရှက်ဖွယ်ကောင်းလှသည်ဟု တပ်မတော်သားတိုင်းကခံယူထားကြသည်။ ထိုသို့ကျန်းမာအောင်လေ့ကျင့်နေထိုင်ခြင်းကပင် မိမိတို့ဝါသနာပါရာအားကစားတစ်ခုခုကို လေ့ကျင့်သွားဖြစ်ကြသည်။ ထိုအားကစားနည်းတွင်ထူးချွန်သောအခါ တပ်ရင်းလက်ရွေးစင်၊ တိုင်းစစ်ဌာနချုပ်လက်ရွေးစင်များမှ တစ်ဆင့်တက်ကာ တပ်မတော်လက်ရွေးစင်၊ နိုင်ငံ့လက်ရွေးစင်များအထိအောင်မြင်မှုရရှိသွားကြသည်။ အားကစားတွင်ထူးချွန်စွာအောင်မြင်ကြသူများကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင်က ထိုက်ထိုက်တန်တန်ဆုများချီးမြှင့်လျက်ရှိသည်။

အားကစားအောင်မြင်မှုသည် နိုင်ငံ၏ဂုဏ်သိက္ခာကိုမြှင့်တင်ပေးခြင်းဖြစ်သည်။ နိုင်ငံ့ဂုဏ်သိက္ခာမြှင့်တင်ပေးသူများကို နိုင်ငံတော်ကလည်းပြန်လည်ဂုဏ်ပြုခဲ့သည်။ အားကစားပြိုင်ပွဲတွင် ဆုရရှိသူများကို ထိုက်ထိုက်တန်တန်ချီးမြှင့်ခဲ့သည့်မြင်ကွင်းများမှာ လူငယ်မောင်မယ်တို့အတွက် အားကျအတုယူဖွယ်ဖြစ်သည်။ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများဖြစ်လာအောင် လူငယ်မောင်မယ်တိုင်းက ကြိုးစားသင့်သည်။ ဇွဲ၊ လုံ့လ၊ အားမာန်စိတ်ဓာတ်တို့ဖြင့် ရည်မှန်းချက်ကြီးမားစွာထားရှိကြိုးစားမည်ဆိုပါက မအောင်မြင်နိုင်စရာရှိမည်မဟုတ်ပါ။ မိမိတို့ဝါသနာထက်သန်ရာအားကစားတစ်ခုခုကို စွဲစွဲမြဲမြဲလေ့ကျင့်ကြိုးစားကြမည်ဆိုပါက နိုင်ငံတော်၏ဂုဏ်ကိုဆောင်နိုင်သော အားကစားသမားတစ်ဦးဖြစ်လာနိုင်ပေမည်။ အနှစ်ချုပ်ဆိုရသော် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများမှ ထူးချွန်ထက်မြက်သော အားကစားသမားများအဖြစ်သို့ရောက်ရှိရေးကြိုးပမ်းပြီး နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအဖြစ်သို့ တက်လှမ်းနိုင်အောင်ကြိုးစားကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

---

**ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန် (၄) ရက်သာ လိုတော့သည်။**

---

# အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏နေအိမ်များတွင်နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များမှ ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များအား ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသောရောဂါပိုးများ ပေါက်ပွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့်အခြေအနေများသို့ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များအား စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း စသည့်ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရပါသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များလာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသောအစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင်နေထိုင်သူများအား ပူပူနွေးနွေး ချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကိုပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့်သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

---

# စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေး ဟောပြောပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၅

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၂၄ ရက်တွင် ခေတ်အေးအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်အောင်က ကျောင်းသားလူငယ်များ အသိပညာဗဟုသုတများ တိုးတက်စေရန်၊ ဗလငါးတန်နှင့်ပြည့်စုံပြီး စာပေဗဟုသုတ ဖတ်ရှုလေ့လာစေရန် ဟောပြောပွဲများ ကျင်းပပေးခြင်းဖြစ်ကြောင်း ပြောကြားကာ ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာကြည့်တိုက်များအသုံးပြုတတ်စေရေး၊ စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရေးနှင့် စာပေ၏အကျိုးကျေးဇူးများ အကြောင်းကို ရှင်းလင်းဟောပြောသည်။

အဆိုပါ ဟောပြောပွဲသို့ ခေတ်အေးအခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပြီး ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုကြောင်း သိရသည်။

(၄၁၃)

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၂၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဧရာဝတီမြစ်ကမ်းနားတစ်လျှောက် ပလတ်စတစ်နှင့် တခြားအမှိုက်များစွန့်ပစ်ခြင်းကင်းဝေးစေရန် အသိပညာပေးလုပ်ငန်းများဆောင်ရွက်



မင်းဘူး(စကု) စက်တင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု) မြို့နယ် ထောက်ရှာပင်ဆိပ်ကမ်း၌ ဧရာဝတီမြစ်ကမ်းနားတစ်လျှောက် ပလတ်စတစ်နှင့် တခြားအမှိုက်များ စွန့်ပစ်ခြင်းကင်းဝေးစေရန်နှင့် အမှိုက်သရိုက်ညစ်ညမ်းမှုမဖြစ်ပေါ်စေရန် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများပူးပေါင်းအဖွဲ့က အသိပညာပေးခြင်းလုပ်ငန်းများကို စက်တင်ဘာလ ၂၅ ရက်က ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဧရာဝတီမြစ်ကမ်းနားတစ်လျှောက်နှင့် ဆိပ်ကမ်းနယ်များ၌ ဆိုက်ကပ်ထားသော ရေယာဉ်များ၊ ဆိပ်ကမ်းအနီးဝန်းကျင်ရှိ စက်ရုံ၊ အလုပ်ရုံနှင့်လုပ်ငန်းများ၊ ဆိပ်ကမ်းအနီးဝန်းကျင်၌ နေထိုင်သူများကြောင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရေးနှင့် အမှိုက်များကို မြစ်ချောင်းများအတွင်း စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် ရေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမဖြစ်ပေါ်စေရေး စီမံဆောင်ရွက်နိုင်ရန် ဌာနဆိုင်ရာတာဝန်ရှိသူများပူးပေါင်းအဖွဲ့က ပင်လယ်သမုဒ္ဒရာနှင့် မြစ်ချောင်းများအတွင်း ပလတ်စတစ်နှင့် တခြားအမှိုက်များ မစွန့်ပစ်ခြင်းဖြင့် အဏ္ဏဝါအမှိုက်သရိုက် ညစ်ညမ်းမှုမဖြစ်ပေါ်စေရေး ဝိုင်းဝန်းထိန်းသိမ်းကြပါစို့ ဆောင်ပုဒ်နှင့်အညီ ထောက်ရှာပင်ဆိပ်ကမ်းရှိ ရေယာဉ်များပေါ်၌ အသိပညာပေးဗီနိုင်းများကပ်ခြင်း၊ ဧရာဝတီမြစ်ကမ်းနားတစ်လျှောက် သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းအမှိုက်ကောက်ခြင်း၊ ဆိပ်ကမ်းအနီးရှိ စားသောက်ဆိုင်များ၌ အသိပညာပေးပိုစတာများကပ်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ လူစည်ကားရာနေရာများ၌ စနစ်တကျအမှိုက်စွန့်ပစ်နိုင်ရေး အမှိုက်ပုံးများထားရှိပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ စုပေါင်းဆောင်ရွက်ရာတွင် မင်းဘူးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မင်းဘူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ခရိုင်မီးသတ်ဦးစီးဌာန၊ ခရိုင်သစ်တောဦးစီးဌာန၊ ခရိုင်နှင့် မြို့နယ်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့မှဝန်ထမ်းများ ပူးပေါင်းပါဝင်ခဲ့ကြကြောင်းနှင့် ယခုကဲ့သို့ ပင်လယ်သမုဒ္ဒရာနှင့် မြစ်ချောင်းများအတွင်း ပလတ်စတစ်နှင့် တခြားအမှိုက်များ စွန့်ပစ်ခြင်းကင်းဝေးစေရန်နှင့် အမှိုက်သရိုက်ညစ်ညမ်းမှုများမဖြစ်ပေါ်စေရန် ဌာနဆိုင်ရာများပူးပေါင်းအဖွဲ့က စုပေါင်းအမှိုက်ကောက်ခြင်းနှင့် လူထုအသိပညာပေးခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

# ကျုံပျော်ခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် နန္ဒင်း ၃၁၅၂ ဧက လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်

ကျုံပျော် စက်တင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် နန္ဒင်း ၃၁၅၂ ဧက လျာထားချက်အတိုင်း ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ကျုံပျော်ခရိုင်၌ နန္ဒင်း ၃၁၅၂ ဧကကို ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် နန္ဒင်း ၃၁၅၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါနန္ဒင်း ၃၁၅၂ ဧကကို ကျုံပျော်မြို့နယ်၌ ဧက ၂၉၀၀၊ ရေကြည်မြို့နယ်၌ ၄၈ ဧက၊ ကျောင်းကုန်းမြို့နယ်၌ ၂၀၄ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

"ကျုံပျော်ခရိုင်တစ်ခုလုံး အနေနဲ့ လျာထားချက်အတိုင်း နန္ဒင်း ဧက ၃၁၀၀ ကျော် စိုက်ပျိုးခဲ့ပါတယ်။လက်ရှိ နန္ဒင်းတွေ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ နန္ဒင်းအပါအဝင် မိုးသီးနှံတွေကို တောင်သူတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့နည်းပညာနဲ့ တခြားကူညီမှုတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းတွေက ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ နန္ဒင်းတွေ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့၊ အရည်အသွေးပြည့်မီစေဖို့ လိုအပ်တဲ့ပံ့ပိုးမှုတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်ပေးပါတယ်" ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းကပြောသည်။

ကျုံပျော်ခရိုင်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် နန္ဒင်းအပါအဝင် မိုးသီးနှံများ အခက်အခဲမရှိစိုက်ပျိုးနိုင်ရန်၊ ရွက်လိပ်ပိုး၊ ရွက်ဖျက်ပိုး၊ ငမြောင်တောင်ပိုး စသည့် ပိုးမွှားအန္တရာယ်များ ကျရောက်မှုမရှိစေရန်၊ သီးနှံများ အထွက်နှုန်းကောင်းမွန်စေရန်နှင့် အရည်အသွေးကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူအသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**သုတကျော်**

# အိမ်မဲမြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော် ဆုချီးမြှင့်ပွဲကျင်းပ

အိမ်မဲ စက်တင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ရွှေညီလာခန်းမ၌ စက်တင်ဘာလ ၂၄ ရက်က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ လူငယ်စကားဝိုင်းကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ဌေးဌေးလှိုင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး မောင်သုတပိုင်က လူငယ်နှင့်စာဖတ်ခြင်းဝါသနာ၊ မောင်ဟိန်းညီညီစိုးက ယဉ်ကျေးမှုအစစ်လူ့အနှစ်၊ မသီရိဖုန်းမော်က လူငယ်နှင့်ပျော်ရွှင်မှု၊ မသဇင်သက်မော်ထွန်းက လူငယ်နှင့်ကိုယ်ကျင့်တရား ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြောင်း သိရသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်ကိုကိုဦးက အဖွင့်အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပပေးခြင်းကြောင့် ကျောင်းသား၊ ကျောင်းသူများက စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရသဖြင့် အကျိုးကျေးဇူးများစွာရရှိကြောင်းပြောကြားပြီး အိမ်မဲမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ပညာဘဏ်တိုက်စာကြည့်တိုက်သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်ကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မူယာစိုးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မာလာဝင်း၊ မြောင်းမြခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာကြည်နှင့် မြို့မိမြို့ဖများက စာပေပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိကြသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**ချစ်သက်လယ် (အိမ်မဲ ပြန်/ဆက်)**

မြဝတီ ကာတွန်း



# မြစ်ကိုအလျားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်



**ယမန်နေ့မှအဆက်**

မနက်လင်းအရုဏ် ကျေးငှက်တို့နိုးထချိန်မှာပဲ ကျွန်တော်တို့ ပိုက်လှေ ရွှေတူချိုင်ကုန်းတန်းက တဲကလေးသို့ ရောက်လာတော့သည်။ အဖေသည် ကျွန်တော့်ကိုတွဲပြီး တဲသို့ပို့၏။ ကျွန်တော့်မှာ ရေသေပိုက်မျှောတာ လေးရက်ကြာအထိ ရေလုံးဝမချိုးရသည့်အပြင် ဆားငန်ရေကြောင့်လည်း ကိုယ်လက်တို့တွင် ဆားဝပ်တက်ပြီး အဖြူစင်းများထင်နေကြ၏။ အဖေသည် ညီမလေးကိုရေနွေးတည်ခိုင်းပြီး ရေဖတ်တိုက်ကာ သန့်စင်ပေးသည်။ ကျွန်တော့်အတွက် အိပ်ရာကို ညီမလေးကိုပြင်စေခိုင်းပြီး ဆေးဆရာပင့်ဖို့ အဖေ ရွာသို့ပြေးလေပြီ။ ရွာကဗိန္ဓောဆေးဆရာ ဦးရွှေခဲကိုပင့်ပြီး ဆေးတိုက်သည်။ သုံးရက်အတွင်း အဖျားသက်သာသွားသည်။

"သား ပိုက်ချမလိုက်နဲ့တော့နော်၊ ပိုက်ချတဲ့အလုပ်ဟာ ဘယ်လောက်ခက်ခဲတယ်၊ ပင်ပန်းတယ်ဆိုတာ သားသိတယ်မဟုတ်လား"

ကျွန်တော်နေကောင်းသွားပြီးချိန်တွင် အဖေပြောလာသည့်စကား။

"မဟုတ်ဘူးအဖေ၊ ဖျားတယ်နာတယ်ဆိုတာ အဆန်းမဟုတ်ပါဘူး၊ ကျွန်တော် အရမ်းပူအိုက်နေတုန်း ရေအိုင်ထဲဖြုန်းခနဲဆင်းပြီး ရေသောက်လို့ ကျွဲသေးတွေ သောက်မိတာရယ်၊ အပူမိသွားတာရယ်ကြောင့် ဖျားသွားတာဖြစ်မှာပါ"

"အဖေကတော့ သားကို မလိုက်စေချင်တော့ဘူး၊ သားပင်ပန်းတာ အဖေမကြည့်ရက်ဘူး၊ သားရယ် စာပဲပြန်ကြိုးစားပါ။ စာမေးပွဲပြန်ဖြေဖို့ပဲ သားကြိုးစားရမှာ"

"အဖေရယ် အဖေ့ဘဝမှာ စီးပွားရေးလည်းအဆင်မပြေခဲ့၊ အမေကလည်းဆုံးနဲ့ အဖေစိတ်ပင်ပန်းကိုယ်ပင်ပန်းဖြစ်နေတာလေ၊ သားကလုပ်နိုင်ကိုင်နိုင်တဲ့အရွယ်ရောက်နေပြီ။ ဒါကြောင့် အဖေ့ကိုသားတတ်နိုင်သလောက် ကူညီပါရစေအဖေ။ သားစာမေးပွဲပြန်ဖြေဖို့အတွက်လည်း ကြိုးစားနေတာပဲလေ၊ သားကစာညံ့လို့ စာမေးပွဲကျခဲ့တာလေ။ ဒါကြောင့် အချိန်တော့ယူရမယ်အဖေ။ နောက် အဖေ့ကို တစ်ခုပြောရဦးမယ် ခုစနစ်သစ်ပညာရေးဆိုတာ ဝိဇ္ဇာ၊ သိပ္ပံခွဲထားတာ ဝိဇ္ဇာဘာသာတွဲဆို သင်္ချာမပါတော့ဘူးအဖေ။ စိတ်ကြိုက်မြန်မာစာဆိုပြီး ဘာသာရပ်တစ်ခုနဲ့ အစားထိုးထားတယ်။ မြန်မာစာဆိုတာကတော့ အဖေရယ် သားကိုယ်ပိုင်ဘာသာပဲ"

အဖေရေနွေးသောက်ရင်း ကျွန်တော့်ကိုကြည့်သည်။

"နောက်ပြီးတော့ အဖေ ကျွန်တော်ကျောင်းတက်တုန်းက တစ်ခါမျှမသင်ခဲ့ဖူးတဲ့ ဘောဂဗေဒဘာသာရပ်ဆိုတာ ဝိဇ္ဇာတွဲမှာ အသစ်ပြဋ္ဌာန်းထားတယ်။ အဲမှာစာရင်းကိုင်ဆိုတာပါတယ်။ သင်္ချာသဘောမျိုးလို့ပြောတယ်။ အဲဒါ ကျွန်တော်စာမေးပွဲတကယ်ဖြေဖြစ်တော့မယ်ဆိုရင် အမေ့ရွာ သရက်တောင်ဘက်သွားပြီး နားလည်တဲ့သူတွေနဲ့သင်ယူမယ် အဖေ"

"သရက်တောင်ဘက်မှာရောရှိလို့လား"

"ရှိလောက်တယ် အဖေ၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီကမ်းထောင်းကြီး၊ သရက်တောင်၊ ပေါက်တူးတောင်ရွာတွေဘက်ကို အညိုရောင်နယ်မြေလို့ အစိုးရကသတ်မှတ်ထားတာကြောင့် စာသင်ကျောင်းတွေ ဖွင့်ခွင့်ရတယ်။ ဒါကြောင့် ဆရာ၊ ဆရာမတွေ အသစ်ရောက်လာရင် ဝိဇ္ဇာတွဲမှာ ဘောဂဗေဒသင်ဖူးတဲ့ ဆရာ၊ ဆရာမတွေ ပါလာနိုင်တယ်။ ဒီလိုပဲလုပ်ရမှာ အဖေ။ မြို့ကိုသွားပြီး သင်ဖို့ဆိုတာက မလွယ်ဘူးလေ"

"သားက စာကောင်းကောင်း ကျက်နိုင်တာဆိုတော့ သားအောင်မှာပါ"

"ဟုတ်တယ်အဖေ။ သား အခုလည်း ကိုယ်နိုင်တဲ့ဘာသာရပ်တွေကို ပြန်ကျက်နေတာပဲ။ သား အဖေ၊ အမေဖြစ်စေချင်တဲ့ ကျောင်းဆရာဘဝကို မရရအောင်ကြိုးစားမယ်အဖေ"

"ဗကပဆိုတဲ့သူပုန်တွေပြောတဲ့စကားကို သား စိတ်အနာဆုံးပဲအဖေ"

"သားကို သူတို့ဘယ်လိုပြောကြလို့လဲ"

"ငပသုန်ရွာမှာတစ်ယောက် ရန်သူ့စာသင်ပြီး ဟိုမရောက်ဒီမရောက် ပိုက်ချစားလို့ ရှိလေရဲ့တဲ့ အဖေ"

"အဲဒီကောင်ကိုပညာသင်လို့ အမိအဖတွေမှာလည်းမွဲပြာကျပြီး ရွာထဲမှာတောင်မနေနိုင်ဘဲ လူသူမနီးတဲ့တောကြီးထဲမှာ တဲကလေးထိုးပြီး နေကြရရှာတယ်တဲ့ဗျာ"

"ကျွန်တော် လုံးဝအားမလျှော့ဘူးအဖေ။ အဖေ့ဘဝပြန်လည်ထူထောင်ရေးမှာ သားတတ်နိုင်သလောက်ပါဝင်ပြီး သားစာကြိုးစားနေပါတယ်။ တစ်နေ့မှာ ဧကန်ကျောင်းဆရာဖြစ်စေရမယ်အဖေ"

"ပြန်ဖြေဖြစ်ရင် ငါ့သား သေချာပေါက်စာမေးပွဲအောင်မှာပါ၊ ဖွဲသတ္တိက အဓိကပဲသား"

အဖေသည် ကျွန်တော့်ကိုကြည့်ပြီး အားမာန်ပြည့်စကားပြောလိုက်သည်။ အဖေသည် ကျွန်တော်မည်မျှပင်အသုံးမကျဖြစ်နေပါစေ မည်သည့်အခါမျှ အားငယ်စိတ်ပျက်စကားဆိုလေ့မရှိပေ။ "အဖေ့သားကြီးအောင်မှာပါ။ ငါ့သားကြီးထူးချွန်မှာပါ" ဆိုသည့် အားမာန်ပြည့်စကားကိုသာ တွင်တွင်ပြောသည်။ အဖေသည် ကျွန်တော့်အတွက် ဘဝလမ်းညွှန်ဆရာ၊ အာဂအဖေ၊ ရွှေတောင်ကြီးအဖေပေတည်း။

■ ■ ■ ■ ■ ■ ■

**ကကြိုးပြောင်းခဲ့လေပြီလား**

ကျွန်တော်ရေတံငါဘဝဖြင့် မြစ်ချောင်းပင်လယ်များတွင် စုန်ချည်ဆန်ချည်သွားလာလှုပ်ရှားခဲ့သည်မှာ သုံးနှစ်တိုင်တိုင်ရှိခဲ့လေပြီ။ ကျောင်းဆရာဖြစ်ရေး ခံယူချက်ဖြင့် ကျောင်းမှထွက်ပြီးနောက် ကျောင်းစာများကို လေ့ကျင့်ဖတ်မှတ်နေခဲ့သည်မှာလည်း သုံးနှစ်သုံးမိုးရှိခဲ့လေပြီ။ သို့သော် စာမေးပွဲပြန်ဖြေသည့်အဆင့်သို့ကား မရောက်သေး။ ၁၉၆၂ ခုနှစ် အိမ်စောင့်အစိုးရကာလ လူ့အသုံးအဆောင်ပစ္စည်းများ ရှာဖွေဝယ်ယူရခက်ခဲသလို ကျောင်းသုံးစာအုပ်ဆိုလျှင် ဗလာစာအုပ်အစ ဝယ်ယူရရှိရေးမှာ လွန်စွာခက်ခဲသော ခေတ်ကာလအခြေအနေပင်ဖြစ်သည်။ သို့ဆိုလျှင် လမ်းပန်းဆက်သွယ်ရေး အလွန့်အလွန်ခက်ခဲပြီး လူသူမနီးသည့်ပင်လယ်ပြင်ကမ်းနံဘေး ကျွန်းတောင်ကြီးခြေရင်းမှာ တဲကလေးတစ်လုံးထိုးပြီး ပိုက်ချငါးရှာလုပ်နေသော ကျွန်တော့်အတွက် အဘယ်မှာလျှင် ပြဋ္ဌာန်းစာအုပ်အသစ်တွေ ရနိုင်ပါမည်နည်း။ ကျွန်တော့်ပတ်ဝန်းကျင်မှာ မြစ်ပင်လယ်ထဲ ကျင်လည်ရှင်သန်နေကြသောရေတံငါများနှင့် ကျွန်တော် စာမေးပွဲပြန်ဖြေမည့် လမ်းကောင်းရွေးချယ်ခြင်းကို ဆီးလို့ကာလို့တားမြစ်နေကြသော ဗကပဆိုသူတို့သာရှိကြသည်။ ကျွန်တော့်မှာကျောင်းတက်တုန်းက ဖတ်ခဲ့မှတ်ခဲ့သောစာအုပ်များနှင့် ကျောက်ဖြူမြို့က ကျောင်းတက်ဖော်သူငယ်ချင်းတွေဆီက ပေးပို့ထားကြသော လက်ရေးမူမှတ်စုစာအုပ်တချို့ပဲရှိသည်။ သို့ဖြစ်၍ ဖတ်စာ၊ ကျက်စာတွေကိုတော်တော်များများကျက်မှတ်ထားပြီးဖြစ်သည်။ ကျွန်တော် ပိုက်မျှောထွက်တိုင်း ကျောင်းလွယ်အိတ်ကလေးပါသည်။ ပိုက်မျှောထားချိန်များတွင် အားနေသည့် အခိုက်အတန့်ကျောင်းစာအုပ်ကိုဖတ်ဖြစ်သည်။

"ငါ့သား စာမေးပွဲပြန်ဖြေဖြစ်ရင် သေချာပေါက်အောင်လိမ့်မယ်" ကျွန်တော်စာဖတ်နေသည်ကိုတွေ့တိုင်း အဖေပြောနေကျလက်သုံးစကားပင်ဖြစ်သည်။

တစ်နေ့မှာ ကျွန်တော် အဖေ့ကို အရေးဆိုလိုက်သည်။

"အဖေရယ် သားမျှားတန်းချကြည့်ချင်တယ်။ အဖေကပိုက်မျှော သားကမျှားတန်းချပေါ့၊ လုပ်ငန်းနှစ်ခုဆိုတော့ ဝင်ငွေနှစ်နေရာရှိတာပေါ့အဖေ"

"သားကိုပြောပြမယ် မျှားတန်းချတဲ့အလုပ်က အရမ်းပင်ပန်းတာ ညတောင်အိပ်ချိန်မရှိဘူး။ သား ခံနိုင်မှာမဟုတ်ဘူး"

"အဖေကလည်း သားယောက်ျားကြီးလုံးလုံးဖြစ်နေပြီလေ၊ သားအကုန်လုံးလုပ်နိုင်ပါတယ်အဖေရဲ့"

"မလွယ်ဘူးနော်သား၊ သားအဖေနဲ့တွဲပြီး ပိုက်ပဲလိုက်ပါ။ ပိုက်လှေမှာဆို စာကျက်ချိန်လည်း ရတာပေါ့"

"ရတယ်အဖေ မျှားလှေပေါ်မှာလည်းစာကျက်မှာပေါ့ အဖေရယ်"

"သား အဲဒီလောက်တောင်လုပ်ချင်နေရင်လည်း လုပ်ကြည့်ပေါ့ကွယ်။ ငါးမျှားချိတ်ရယ်၊ မျှားတန်းကြိုးရယ်ကိုတော့ သားကျောက်ဖြူမြို့ လိုက်ဝယ်မှရမယ်"

"သွားမယ်အဖေ သားသွားလိုက်ပါ့မယ်"

**ဆက်လက်ဖော်ပြပါမည်။**

## သဲကုန်းမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေး



သဲကုန်း စက်တင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို စက်တင်ဘာ လ ၂၄ ရက်က သဲကုန်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ရုံးလမ်းနှင့် လူစည်ကားရာနေရာများ၌ ဖြန့်ဝေပေးကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် သဲကုန်းမြို့နယ် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ထွေး၊ မြို့နယ်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးစောငြိမ်းသောင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံထားရမည့် လူဦးရေဆိုင်ရာကိန်းဂဏန်းအချက်အလက်များရရှိစေရန်၊ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အသိပညာပေးပိုစတာနှင့် စတေကာကပ်ခြင်း၊ လက်ကမ်းစာစောင်များကို လမ်းသွားလမ်းလာပြည်သူများ၊ ခရီးသွားပြည်သူများအား အခမဲ့ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်သည်။

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရာတွင် အချက်အလက်များ မှန်ကန်ပြည့်စုံစေရေးအတွက် မြို့နယ်သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ ကော်မတီများ ဖွဲ့စည်း၍ သင်တန်းများ ပို့ချပေးလျက်ရှိကြောင်း သိရသည်။ **ချမ်းမြေ့**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့်မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား အမျိုးသားပိုက်ကျော်ခြင်း ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ




နေပြည်တော် စက်တင်ဘာ ၂၅

၂၀၂၄ ခုနှစ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် **"အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်"** ဆိုသည့်ဆောင်ပုဒ်အတိုင်း အားကစားစိတ်ဓာတ်သည် တိုင်းပြည်ချစ်စိတ်ကို ဖြစ်ပေါ်စေပြီး ထိုမှတစ်ဆင့် တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်လိုသည့် စိတ်ဓာတ်ပေါ်ပေါက်လာစေမည်ဖြစ်သည့်အတွက် အားကစားပွဲများကို ရာသီအလိုက် နိုင်ငံတော်က ကျင်းပပေးနေခြင်းဖြစ်ကြောင်း ကျန်းမာပျော်ရွှင်ပြီး စည်းလုံးညီညွတ်မှုရှိသည့် ဝန်ကြီးဌာနဖြစ်စေလိုကြောင်း ပြောကြားသည်။

ယနေ့ကျင်းပသည့် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကို ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် အားကစားဝါသနာရှင်များ တစ်ခဲနက် လာရောက်အားပေးမှုနှင့်အတူ ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် တတိယလုပွဲ ပွဲစဉ်တွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အသင်းက မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် ယှဉ်ပြိုင်အနိုင်ရရှိသည်။

ဆက်လက်၍ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ကို အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအသင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အသင်းကို သုံးပွဲပြတ်ဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ဌာနဆိုင်ရာ အကြီးအကဲများက နှစ်သိမ့်ဆုရရှိသည့် ပြည်ထောင်စုဝန်ကြီးရုံးအသင်းနှင့်ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အသင်းတို့အားလည်းကောင်း၊ စတုတ္ထဆုရရှိသည့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအသင်း အားလည်းကောင်း ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က တတိယဆုရရှိသည့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အသင်းအား ဆုပေးအပ်ချီးမြှင့်ပြီး ဒုတိယဝန်ကြီး ဦးရဲတင့်က ဒုတိယဆုရရှိသည့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုနှင့်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပထမဆုရရှိသည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုနှင့် ပြည်ထောင်စုဝန်ကြီးဖလားကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရရှိသည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအသင်းမှ မောင်ပေါစံအား ဆုပေးအပ်ချီးမြှင့်ပြီး ပြိုင်ပွဲတွင် ပါဝင်ကူညီဆောင်ရွက်ပေးသော အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ဒိုင်အဖွဲ့အား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ကာ ဆုရရှိသည့်ပြိုင်ပွဲဝင် အားကစားသမားများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အဆိုပါ ပြည်ထောင်စုဝန်ကြီးဖလား အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကို စက်တင်ဘာလ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ပြိုင်ပွဲဝင်အသင်း ခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်းသတင်းရရှိသည်။

(၅၀၀)

## တပ်ကုန်းမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တွေ့ဆုံအားပေး ထောက်ပံ့

နေပြည်တော် စက်တင်ဘာ ၂၅

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည်နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့တွင် တပ်ကုန်းမြို့နယ်အောင်ဆန်းခန်းမ၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နေပြည်တော်၌ ရေဘေးဖြစ်ပွားခဲ့မှုအခြေအနေ၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ပံ့ပိုးထောက်ပံ့မည့်အခြေအနေ၊ သဘာဝဘေးလျော့ပါးရေးနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးတို့အတွက် အသိပညာရရှိစေရေး ဝန်ကြီးဌာနကဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ၊ အဝတ်အထည်များ၊ ဆန်၊ ခေါက်ဆွဲခြောက်နှင့် ရေသန့်များ ထောက်ပံ့ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)



UN Tourism

၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့

“ခရီးသွားနှင့်ငြိမ်းချမ်းရေး လက်တွဲတူယှဉ်ဖော်ဆောင်ပေး”

WORLD TOURISM DAY 2024 | TOURISM AND PEACE

၂၇ - ၉ -၂၀၂၄    MICC-2 ၊ နေပြည်တော်

အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့

INTERNATIONAL DAY OF OLDER PERSONS

သက်ကြီးပုဂ္ဂိုလ်များ ဂုဏ်သိက္ခာရှိစွာရပ်တည်ရေး ကမ္ဘာအနှံ့ဘက်စုံပြုစုစောင့်ရှောက်ပေး

“ Ageing with Dignity: The Importance of Strengthening Care and Support Systems for Older Persons Worldwide”

၁.၁၀.၂၀၂၄    နေပြည်တော်

# (၂၁) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ တက်ရောက်ခဲ့သော ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိ



နေပြည်တော် စက်တင်ဘာ ၂၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၁ ရက်မှ ၂၅ ရက်အထိ ကျင်းပသည့် (၂၁)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် China Eastern Airlines လေကြောင်းလိုင်းဖြင့် ကူမင်းမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. OUYANG daobing နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) အရာထမ်းလောင်း(အထူး)သင်တန်းအမှတ်စဉ်(၁၂)နှင့် စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၁၀) သင်တန်းဆင်းပွဲကျင်းပ



ရန်ကုန် စက်တင်ဘာ ၂၅

ပြည်ထောင်စုရာထူးဝန်အဖွဲ့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) အရာထမ်းလောင်း (အထူး)သင်တန်း အမှတ်စဉ်(၁၂)၏ သင်တန်းဆင်းစစ်ရေးပြ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တက္ကသိုလ်စစ်ရေးပြကွင်း(၁)၌ ကျင်းပသည်။

အခမ်းအနားသို့ပြည်ထောင်စုရာထူးဝန် အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ အဖွဲ့ဝင် ဦးစိုးတင့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌအား သင်တန်းဆင်းတပ်ခွဲက အလေးပြုခြင်း၊ ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းနှင့် အောင်လက်မှတ်ပေးအပ်ခြင်းတို့ ဆောင်ရွက်ကြသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက သင်တန်းဆင်းအမှာစကား ပြောကြားရာတွင် နိုင်ငံရေးနှင့် စီးပွားရေးစနစ်များ၊ အစိုးရအဖွဲ့များ မည်သို့ပြောင်းလဲစေကာမူ နိုင်ငံတော်ယန္တရားတစ်ခုလုံး စဉ်ဆက်မပြတ် ကောင်းမွန်စွာသက်ဝင်လှုပ်ရှားစေရန် နိုင်ငံ့ဝန်ထမ်းများက အဓိကဆောင်ရွက်ကြသူများဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများ စောင့်ထိန်းရမည့်ကျင့်ဝတ်နှင့် လိုက်နာရမည့် စည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရန်အထူးမှာကြားလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၁၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန်လ ၃ ရက်မှ စက်တင်ဘာလ ၂၅ ရက်အထိ ကြာမြင့်ခဲ့သည်။

အလားတူ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၂၁၀) သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) စစ်ရေးပြကွင်း၌ ကျင်းပရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ်က သင်တန်းသားစံပြဆု၊ သင်တန်းသူစံပြဆု၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆုနှင့် သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်ပြီး မိန့်ခွန်းပြောကြားသည်။

သင်တန်းဆင်းပွဲသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူး/ ပါမောက္ခများ၊ သင်ကြားစီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

# အရာထမ်းလောင်း (အထူး)သင်တန်းအမှတ်စဉ်(၁၃) သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၅

အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၃)သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) စစ်ရေးပြကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်က သင်တန်းထူးချွန်ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အမှာစကားပြောကြားရာတွင် ယခုသင်တန်းသည် နိုင်ငံ့ဝန်ထမ်းအဖြစ် စတင်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်းလောင်းများကို နိုင်ငံ့ဝန်ထမ်းများ သိရှိလိုက်နာရမည့် ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ၊ ရုံးလုပ်ငန်းနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲအုပ်ချုပ်မှုပညာတို့ကို သိရှိကျွမ်းကျင်မှုရှိစေရန် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ အရာထမ်းများအဖြစ် ရှေ့ဆက်လျှောက်လှမ်းရာတွင် နိုင်ငံချစ်စိတ်၊ နိုင်ငံအပေါ် သစ္စာစောင့်သိ ရိုသေစိတ်၊ မျိုးချစ်စိတ်အပြည့်ဖြင့် အမိနိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထို့နောက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်က သင်တန်းသား၊ သင်တန်းသူများကို ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာဘွဲ့လက်မှတ်များပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၁၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလ ရက်သတ္တ ၁၇ ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၅-၉-၂၀၂၄

| | | |
|---|---|---|
| ခရမ်း | ၂ | ဒသမ ၄၄ လက်မ |
| သာပေါင်း | ၂ | ဒသမ ၄၀ လက်မ |
| မှော်ဘီ | ၂ | ဒသမ ၃၂ လက်မ |
| ဆိပ်သာ | ၂ | ဒသမ ၂၈ လက်မ |
| ကမမောင်း | ၂ | ဒသမ ၂၈ လက်မ |
| ဘိုကလေး | ၂ | ဒသမ ၂၅ လက်မ |
| ဘီးလင်း | ၁ | ဒသမ ၉၂ လက်မ |
| ညောင်ရွှေ | ၁ | ဒသမ ၇၈ လက်မ |
| မင်းကင်း | ၁ | ဒသမ ၇၀ လက်မ |
| ကျိုက်လတ် | ၁ | ဒသမ ၇၀ လက်မ |

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့်အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှသတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကိုလေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## စစ်တောင်းမြစ်နှင့်ပဲခူးမြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၅

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၃ လက်မခန့်တွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေခန့်ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၃ ပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်၊ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့တို့အတွင်းရှိမြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

## ရုရှားနိုင်ငံ ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်မှုအသင်း ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း လက်ခံတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမောင်မောင်အုန်းသည် ရုရှားနိုင်ငံ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုအသင်း(Russian Association for Friendship and Cooperation – RAFC) ၏ ဒုတိယဥက္ကဋ္ဌ Mr.Alexander OSTROVSKIY ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုရှား-မြန်မာ နှစ်နိုင်ငံမီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ရုပ်မြင်သံကြားဇာတ်လမ်းတွဲများ နှစ်နိုင်ငံပူးပေါင်းစီစဉ်ရိုက်ကူးထုတ်လွှင့်ရေး၊ ယဉ်ကျေးမှုအပြန်အလှန်ဖလှယ်ရေး၊ ခရီးသွားကဏ္ဍပိုမိုမြှင့်တင်နိုင်ရေးနှင့် နှစ်နိုင်ငံပြည်သူများအကြား ဆက်သွယ်ဆက်ဆံမှုပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြကြောင်း သိရသည်။ (သတင်းစဉ်)

## ဘေးအန္တရာယ်ကြံ့ကြံ့ခံနိုင်ရေး လူငယ်စွမ်းအားမြှင့်တင်ရေးသင်တန်း ဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၅

၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၃ ရက်တွင်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ်အဖြစ် ဘေးအန္တရာယ်ကြံ့ကြံ့ခံနိုင်ရေး လူငယ်စွမ်းအားမြှင့်တင်ရေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် လူမှုရေးအသင်းအဖွဲ့များမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ကြိုတင်ကာကွယ်ခြင်း၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခြင်း၊ ပြန်လည်ထူထောင်ခြင်းကဏ္ဍများအလိုက် အသိပညာ၊ အတွေ့အကြုံများ ရရှိစေရန်နှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုတွင် လူငယ်များ၏အခန်းကဏ္ဍများသိရှိစေရန်ပို့ချသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးတို့ရှိ အရပ်ဘက်လူမှုရေးအသင်းအဖွဲ့များမှ လူငယ်သင်တန်းသား၊ သင်တန်းသူ ၃၀ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ စက်တင်ဘာလ ၂၅ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၀)

## စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများမှ ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ ဓာတ်ဆားထုပ်နှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်း



နေပြည်တော် စက်တင်ဘာ ၂၅

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် စက်မှုဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့ဝင်များနှင့်အတူ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်ခဲ့သည့် အိမ်ထောင်စု ၂၂၅ စု၊ လူဦးရေ ၁၀၀၀ ခန့်ရှိ ပုဗ္ဗသီရိမြို့နယ် ကြံဖိုစုကျေးရွာသို့သွားရောက်ပြီး ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ၍ ရေကြီးရေလျှံဖြစ်ပေါ်ခဲ့မှု၊ စိုက်ပျိုးရေးသီးနှံများ ပျက်စီးဆုံးရှုံးခဲ့မှု၊ ကျန်းမာရေး၊ ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် သန့်ရှင်းရေးပြုလုပ်ပြီးစီးမှု အခြေအနေတို့ကို ဆွေးနွေးမေးမြန်းသည်။

ထို့နောက် ရေဘေးသင့်ပြည်သူများ၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ပေးနေသည့် တာဝန်ရှိသူများနှင့်ဆက်လက်တွေ့ဆုံ၍ ကျေးရွာအဝင်လမ်း ပြန်လည်ပြုပြင်ရေး၊ ရွာအတွင်း ရေဝပ်သည့်နေရာများ၌ ရေနုတ်မြောင်းများတူးဖော်ရေး၊ ဘုန်းကြီးကျောင်းအုတ်တံတိုင်းများပြန်လည်ပြုပြင်ရေးကိစ္စများကိုဆွေးနွေးပြီး ဝန်ကြီးဌာနမှ ကူညီဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေဘေးသင့်ခဲ့သည့် ပြည်သူများအား စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများမှလှူဒါန်းသည့် ငွေကျပ် ၁၄၅၅၅၀၀၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ဓာတ်ဆားထုပ်နှင့် ကျောင်းသုံးဗလာစာအုပ်တို့ကို ကျောင်းသား၊ ကျောင်းသူများ၊ ကျေးရွာတာဝန်ရှိသူများနှင့် ရေဘေးသင့်ပြည်သူများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# သွေးချိုဆီးချိုရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများ

သွေးချိုဆီးချိုရောဂါဖြစ်ပွားမှုသည် ကမ္ဘာပေါ်တွင် အလျင်မြန်ဆုံး ကြီးထွားလာသည့် မကူးစက်နိုင်သောရောဂါ တစ်မျိုးဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ ဆီးချိုရောဂါအဖွဲ့ချုပ်၏ အစီရင်ခံစာအရ ကမ္ဘာ့လူဦးရေ၏ ၁၀ ဒသမ ၅ ရာခိုင်နှုန်း ခန့်သည် သွေးချိုဆီးချိုရောဂါ ခံစားနေကြရကြောင်း ခန့်မှန်းထားသည်။ သို့သော် ရောဂါရှိသူအားလုံး၏ ထက်ဝက်နီးပါး ခန့်သည် သွေးချိုဆီးချိုရောဂါရှိကြောင်း သတိမပြုမိကြဘဲ အာဖရိက၊ အနောက်ပစိဖိတ်နှင့် အရှေ့တောင်အာရှဒေသများ ရှိ ဝင်ငွေနည်းနိုင်ငံများနှင့် ဝင်ငွေအလယ်အလတ်ရှိသောနိုင်ငံများတွင် အဖြစ်အများဆုံးဖြစ်ကြောင်း တွေ့ရှိရသည်။ သွေးချိုဆီးချိုရောဂါသည် အချိန်ကြာလာသည်နှင့်အမျှ နာတာရှည်နောက်ဆက်တွဲရောဂါများဖြစ်ပွားနိုင်သည်။ သွေးချိုဆီးချိုရောဂါရှိသူသုံးဦးလျှင် နှစ်ဦးသည် နောက်ဆက်တွဲပြဿနာများ ရှိနှင့်ပြီးဖြစ်ကြောင်း တွေ့ရှိရသည်။

သွေးချိုဆီးချိုရောဂါ၏ အဓိက နောက်ဆက်တွဲပြဿနာများမှာ မျက်စိထိခိုက်ခြင်း၊ နှလုံးရောဂါ၊ လေဖြတ်ခြင်း၊ ကျောက်ကပ်ရောဂါ၊ အာရုံကြောထိခိုက်ပျက်စီးခြင်း၊ အစာမကြေဖြစ်ခြင်း၊ ခြေထောက်ပြဿနာများ၊ အရေပြားပြဿနာများ၊ ပိုးဝင်လွယ်ခြင်း၊ သွားဖုံးရောဂါနှင့် အခြားခံတွင်းပြဿနာများ၊ သွေးချိုဆီးချိုရောဂါနှင့် ဆက်စပ်သောကင်ဆာများနှင့် အရွယ်မတိုင်မီသေဆုံးခြင်းတို့ဖြစ်ပါသည်။ သွေးချိုဆီးချိုရောဂါရှိသူများတွင် အသက်အန္တရာယ်ရှိသော အရေးပေါ်အခြေအနေများဖြစ်သည့် သွေးတွင်းသကြားဓာတ်နည်းလွန်းခြင်း၊ သွေးတွင်းသကြားဓာတ်များလွန်းခြင်းကြောင့် ပြင်းထန်သောရေဓာတ်ခန်းခြောက်ခြင်းနှင့် သွေးချိုအဆိပ်တက်ခြင်းတို့ဖြစ်တတ်ပါသည်။ ထိုအရေးပေါ်အခြေအနေများသည် အချိန်မရွေးဖြစ်နိုင်ပြီး နာတာရှည်နောက်ဆက်တွဲပြဿနာများကို ခံစားရနိုင်ပါသည်။

**မျက်စိပြဿနာများ**

သွေးချိုဆီးချိုရောဂါသည် အမြင်အာရုံကို ထိခိုက်စေနိုင်သဖြင့် မျက်စိအထူးကုဆရာဝန်နှင့် ပုံမှန်ပြသစမ်းသပ်ခြင်းဖြင့် မျက်ကြည်လွှာပျက်စီးမှု၊ အတွင်းတိမ်နှင့် ရေတိမ်တို့၏ လက္ခဏာများကို စစ်ဆေးကုသနိုင်ပြီး အမြင်အာရုံဆုံးရှုံးမှုကို ကာကွယ်နိုင်ပါသည်။

**ခြေထောက်ပြဿနာများ**

သွေးချိုဆီးချိုရောဂါရှိသူများတွင် ခြေထောက်ပြဿနာသည် ပြင်းထန်ပြီး မကုသပါက ဖြတ်တောက်ခံရနိုင်သည်။ အာရုံကြောပျက်စီးမှုသည် ခြေထောက်ရှိ ခံစားချက်ကို ထိခိုက်စေနိုင်ပြီး သွေးတွင်းသကြားဓာတ်များလာခြင်းသည် သွေးလည်ပတ်မှုကို ထိခိုက်စေနိုင်သဖြင့် အနာကျက်နှေးစေသည်။ ခြေထောက်တွင် ခံစားမှုတစ်ခုခုကို သတိပြုမိပါက ဆရာဝန်နှင့်ပြသရန် အရေးကြီးပါသည်။

**နှလုံးရောဂါနှင့် လေဖြတ်ခြင်း**

သွေးချိုဆီးချိုရောဂါရှိသူများတွင် အချိန်အတိုင်းအတာတစ်ခုအထိ သွေးတွင်းသကြားဓာတ်များနေခြင်းသည် သွေးကြောများကို ပျက်စီးစေနိုင်ပြီး တစ်ခါတစ်ရံတွင် နှလုံးရောဂါနှင့် လေဖြတ်ခြင်းတို့ကို ဖြစ်စေနိုင်သည်။

**ကျောက်ကပ်ပြဿနာများ**

သွေးချိုဆီးချိုရောဂါသည် အချိန်ကြာလာသည်နှင့်အမျှ သွေးတွင်းသကြားဓာတ်မြင့်မားခြင်းနှင့် သွေးတိုးခြင်းတို့ကြောင့် ကျောက်ကပ်ကို ပျက်စီးစေနိုင်ပြီး ခန္ဓာကိုယ်မှပိုလျှံသော အရည်များနှင့် အညစ်အကြေးများကို စွန့်ထုတ်မှု လျော့နည်းစေသည်။

> **"သွေးချိုဆီးချိုရောဂါရှိသူများတွင် အသက်အန္တရာယ်ရှိသော အရေးပေါ်အခြေအနေများဖြစ်သည့် သွေးတွင်းသကြားဓာတ်နည်းလွန်းခြင်း၊ သွေးတွင်းသကြားဓာတ်များလွန်းခြင်းကြောင့် ပြင်းထန်သောရေဓာတ်ခန်းခြောက်ခြင်းနှင့် သွေးချိုအဆိပ်တက်ခြင်းတို့ဖြစ်တတ်ပါသည်။ ထိုအရေးပေါ်အခြေအနေများသည် အချိန်မရွေးဖြစ်နိုင်ပြီး နာတာရှည်နောက်ဆက်တွဲပြဿနာများကို ခံစားရနိုင်ပါသည်. . ."**

**အာရုံကြောပျက်စီးခြင်း**

သွေးတွင်းသကြားဓာတ်ပမာဏမြင့်မားခြင်း၏ နောက်ဆက်တွဲပြဿနာများကြောင့် သွေးချိုဆီးချိုရောဂါရှိသူအချို့တွင် အာရုံကြောများပျက်စီးသဖြင့် ဦးနှောက်နှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများကြားတွင် မက်ဆေ့ချ်များကို သယ်ဆောင်ရန် ပိုမိုခက်ခဲစေကာ မြင်မှု၊ ကြားမှု၊ ခံစားရမှုနှင့် လှုပ်ရှားမှုတို့ကို ထိခိုက်စေနိုင်သည်။

**သွားဖုံးရောဂါနှင့် အခြားခံတွင်းပြဿနာများ**

သွေးတွင်းသကြားဓာတ်များလွန်းခြင်းကြောင့် တံတွေးထဲတွင် သကြားဓာတ်များလာသဖြင့် သွားကြေွလွှာကို ထိခိုက်ပြီး သွားဖုံးများကို ပျက်စီးစေသည့် အက်စစ်များကို ထုတ်ပေးသည့် ဗက်တီးရီးယားများကို သယ်ဆောင်လာပါသည်။ သွားဖုံးရှိ သွေးကြောများကိုလည်း ပျက်စီးစေပြီး သွားဖုံးကို ကူးစက်နိုင်ခြေပိုများစေပါသည်။ ဖလိုရိုက်ပါသော သွားတိုက်ဆေးဖြင့် တစ်နေ့လျှင် အနည်းဆုံး နှစ်ကြိမ် သွားတိုက်ပါ၊ တစ်နှစ်လျှင် အနည်းဆုံး နှစ်ကြိမ် သွားဆရာဝန်နှင့် စစ်ဆေးပါ။ သွားဖုံးများ သွေးထွက်ခြင်း၊ နီခြင်း၊ ရောင်ရမ်းခြင်းဖြစ်ပါက သွားဆရာဝန်နှင့် ချက်ချင်းပြပါ။

**သွေးချိုဆီးချိုရောဂါနှင့်ဆက်စပ်သော ကင်ဆာများ**

သွေးချိုဆီးချိုရောဂါနှင့်ဆက်စပ်သော အဖြစ်အများဆုံး ကင်ဆာရောဂါများမှာ ပန်ကရိယ၊ အသည်း၊ ရင်သား၊ သားအိမ်နှင့်အူမကြီးကင်ဆာတို့ဖြစ်သည်။ ကင်ဆာနှင့် သွေးချိုဆီးချိုရောဂါဆက်စပ်မှုသည် မျိုးဗီဇဆိုင်ရာအချက်များ၊ ဂလူးကို့စ် မြင့်မားခြင်း၊ ဟော်မုန်းများမညီမျှခြင်း၊ အဝလွန်ခြင်း၊ နာတာရှည်ရောင်ရမ်းခြင်း နှင့် ဓာတ်တိုးဖိစီးမှုတို့ ပါဝင်သည်။ တချို့သောကင်ဆာနှင့် ကင်ဆာကုထုံးများသည် သွေးချိုဆီးချိုဖြစ်နိုင်ခြေတိုးလာခြင်းနှင့် ဆက်စပ်နေပြီး သွေးတွင်းသကြားဓာတ်ကို ထိန်းချုပ်ရန် ပိုမိုခက်ခဲစေသည်။ ထို့ကြောင့် သွေးချိုဆီးချိုဝေဒနာရှင်များတွင် ကင်ဆာစစ်ဆေးမှုကို ပြုလုပ်သင့်ပြီး ကင်ဆာဝေဒနာရှင်များတွင် သွေးချိုဆီးချိုရောဂါအတွက် ကြိုတင်ကာကွယ်မှုများ ပြုလုပ်သင့်ပါသည်။

**သွေးချိုဆီးချိုရောဂါနှင့်နောက်ဆက်တွဲ ပြဿနာများဖြစ်စေသော အကြောင်းရင်းများ**

သွေးထဲတွင် သကြားဓာတ်ပမာဏ အချိန်ကြာမြင့်စွာမြင့်မားခြင်းသည် သွေးကြောများကို ဆိုးရွားစွာ ပျက်စီးစေနိုင်သည်။ သွေးကြောများ ကောင်းမွန်စွာ အလုပ်မလုပ်ပါက ခန္ဓာကိုယ် အစိတ်အပိုင်းများသို့ လိုအပ်သော သွေးများ မရောက်ရှိနိုင်ပါ။ အာရုံကြောများ ကောင်းမွန်စွာ အလုပ်မလုပ်သဖြင့် ခန္ဓာကိုယ်အစိတ်အပိုင်းများတွင် ခံစားမှုဆုံးရှုံးသွားသည်။ ခန္ဓာကိုယ်၏အစိတ်အပိုင်းတစ်ခုရှိ သွေးကြောများနှင့် အာရုံကြောများပျက်စီးသွားသောအခါ ခန္ဓာကိုယ်ရှိ အခြားအစိတ်အပိုင်းများတွင်လည်း အလားတူပြဿနာများရှိလာနိုင်ပါသည်၊ ထို့ကြောင့်ခြေထောက်ကြွက်သားများပျက်စီးနေလျှင် ပြင်းထန်သောနှလုံးပြဿနာများ ဖြစ်လာနိုင်ပါသည်။

သွေးချိုဆီးချို ဝေဒနာရှင်များတွင် HbA1c စစ်ခြင်းဖြင့် လွန်ခဲ့သောသုံးလအတွင်း၏ ပျမ်းမျှသွေးတွင်းသကြားဓာတ်ပမာဏကို တိုင်းတာနိုင်သည်။ HbA1c မြင့်မားခြင်းသည် သွေးထဲတွင်သကြားဓာတ်များလွန်းသည်ဟု ဆိုလိုပါသည်။ HbA1c အဆင့်မြင့်မားလေ နောက်ဆက်တွဲပြဿနာများ ဖြစ်ပေါ်လာနိုင်ခြေ ပိုများလေဖြစ်ပါသည်။ အနည်းငယ်မြင့်မားသော HbA1c သည်ပင် သွေးချိုဆီးချိုရောဂါ၏ နောက်ဆက်တွဲရောဂါအန္တရာယ်များကိုတိုးမြင့်စေသည်။ သွေးတွင်းသကြားဓာတ်အပြင် သွေးတိုးခြင်း၊ ဆေးလိပ်သောက်ခြင်းနှင့် သွေးတွင်းအဆီများခြင်းတို့သည် သွေးကြောများကို ပျက်စီးစေပြီး နောက်ဆက်တွဲအန္တရာယ်များကိုဖြစ်စေပါသည်။

**နောက်ဆက်တွဲပြဿနာများကို ကြိုတင်ကာကွယ်နိုင်သောနည်းလမ်းများ**

သွေးချိုဆီးချိုရောဂါ၏ နောက်ဆက်တွဲရောဂါအန္တရာယ်များသည် ရှောင်လွှဲ၍မရသော်လည်း သွေးတွင်းသကြားဓာတ်၊ သွေးပေါင်ချိန်နှင့် သွေးတွင်းအဆီများကို ပုံမှန်ဖြစ်စေရန် ကောင်းမွန်စွာထိန်းထားခြင်းဖြင့် ဖြစ်ပွားနိုင်ခြေကို ကာကွယ်ရန် သို့မဟုတ် လျှော့ချရန်နှင့် နှောင့်နှေးစေရန်အထောက်အကူဖြစ်စေနိုင်ပါသည်။

၁။ HbA1c ကို သတ်မှတ်ထားသော ပမာဏအတွင်း ထားရှိခြင်းသည် နောက်ဆက်တွဲအန္တရာယ်များကို လျှော့ချရန် အရေးကြီးပါသည်။ သွေးတွင်းသကြားဓာတ်ကို နေ့စဉ်ပုံမှန်စစ်ဆေးစောင့်ကြည့်ပါ။ ဆေးဝါးများကို ညွှန်ကြားသည့်အတိုင်း မှန်မှန်သောက်ပါ။ သွေးတွင်းသကြားဓာတ်မြင့်တက်နေပါက ဆရာဝန်နှင့် တိုင်ပင်ဆွေးနွေးပါ။ သတ်မှတ်ထားသည့် ကုသမှုရည်မှန်းချက်များဖြစ်သော

(က) မနက်စောစောအစာမစားမီ သွေးတွင်းသကြားဓာတ် ၈၀ – ၁၃၀ mg/dl။

(ခ) အစာစားပြီး နှစ်နာရီအကြာ သွေးတွင်းသကြားဓာတ် ၈၀ – ၁၈၀ mg/dl။

(ဂ) HbA1C ခေါ် သုံးလအတွင်း ပျမ်းမျှသကြားဓာတ် ၇ ရာခိုင်နှုန်းနှင့် အောက်သို့ ပြန်လည်ရောက်ရှိရန် ကုသမှုကို ပြောင်းလဲရန် လိုအပ်နိုင်သည်။

၂။ ဆေးလိပ်သောက်ခြင်းသည် ခန္ဓာကိုယ်မှ နှလုံးနှင့်ခြေထောက်ကဲ့သို့သော နေရာများသို့ သွေးများစီးဆင်းရန်ခက်ခဲစေသဖြင့် ဆေးလိပ်ဖြတ်သင့်ပါသည်။

၃။ ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများကို ရွေးချယ်စားသောက်ခြင်းသည် ကိုယ်အလေးချိန်ကျစေရန်၊ HbA1c ကိုလျှော့ချရန်၊ သွေးပေါင်ချိန်ကို ထိန်းညှိပေးပြီး သွေးတွင်းအဆီများကို လျှော့ချရန် အထောက်အကူပြုနိုင်သည်။ ကျန်းမာရေးနှင့်ညီညွတ်ရန် အဆီလျှော့၍ ဆားနည်းသော အစားအစာကို စားသုံးသင့်ပါသည်။

၄။ ကိုယ်လက်လှုပ်ရှားမှုကို နေ့စဉ် မိနစ် ၃၀ ခန့် ပြုလုပ်ခြင်းဖြင့် ကျန်းမာသော ကိုယ်အလေးချိန်ကို ထိန်းသိမ်းနိုင်ပြီး နောက်ဆက်တွဲပြဿနာများဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သဖြင့် တက်ကြွလှုပ်ရှားသော လူနေမှုဘဝပုံစံ တည်ဆောက်ပါ။

၅။ အရက်အလွန်အကျွံသောက်ခြင်းကိုရှောင်ပါ။ အရက်သည် နောက်ပိုင်းတွင် သွေးတွင်းသကြားဓာတ် ကျစေနိုင်သည်။ အထူးသဖြင့် အင်ဆူလင်ထိုးသူများအတွက် သတိထားရန်လိုအပ်ပါသည်။

၆။ စိတ်ဖိစီးမှုလျှော့ချရန် တရားထိုင်ခြင်း၊ ယောဂပြုလုပ်ခြင်း၊ အသက်ရှူလေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ တရားစာအုပ်များဖတ်ခြင်း၊ တရားနာခြင်း၊ တေးသီချင်းများ နားထောင်ခြင်း၊ သီဆိုခြင်းနှင့် ကခုန်ခြင်းတို့ဖြင့် နေ့စဉ်ဘဝတွင် ပျော်ရွှင်စေရန် လေ့ကျင့်ပါ။ ပျော်စရာရုပ်ရှင်နှင့်ဗီဒီယိုများကြည့်ခြင်း၊ ရယ်မောခြင်းတို့ဖြင့် စိတ်ဖိစီးမှုများကိုလျှော့ချပါ။

၇။ အရွယ်ရောက်ပြီးသူများ ညစဉ်ပုံမှန် အိပ်စက်ချိန် ၇ နာရီမှ ၉ နာရီအထိရှိရန် ဂရုပြုပါ။ နေ့စဉ် အချိန်မှန် အိပ်ရာဝင်ပါ။ အသက်ကြီးသူများ နေ့ခင်းဘက်တွင် မိနစ် ၂၀ ခန့် တစ်ရေးတစ်မောအိပ်စက်အနားယူပါ။

၈။ တစ်နှစ်လျှင် သွေးချိုဆီးချိုရောဂါ စစ်ဆေးမှု နှစ်ကြိမ်မှ လေးကြိမ်အထိ ပြုလုပ်ပါ။ မျက်စိ၊ အာရုံကြော၊ နှလုံးရောဂါ၊ ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများ ရှိ၊ မရှိ စစ်ဆေးပါ။ ဆရာဝန်ကို တစ်နှစ်လျှင် နှစ်ကြိမ်မှ လေးကြိမ်တွေ့ဆုံဆွေးနွေးပါ။ အင်ဆူလင်ထိုးခြင်း သို့မဟုတ် သွေးတွင်းသကြားဓာတ်ပမာဏကို ထိန်းညှိရန် အကူအညီလိုအပ်ပါက ဆရာဝန်ထံ မကြာခဏ သွားရောက်ရန် လိုအပ်ပါသည်။

၉။ ကာကွယ်ဆေးများသည် သွေးချိုဆီးချိုရောဂါရှိသူများတွင် တချို့သောရောဂါများမှ ကူးစက်နိုင်ခြေကိုတားဆီးပေးနိုင်သည်။ နှစ်စဉ်တုပ်ကွေးကာကွယ်ဆေးသည် တုပ်ကွေးရာသီအတွင်း ကျန်းမာနေစေရန် အထောက်အကူဖြစ်စေသည့်အပြင် တုပ်ကွေး၏ နောက်ဆက်တွဲဆိုးကျိုးများကို ကာကွယ်နိုင်ပါသည်။ နမိုးနီးယားအဆုတ်ရောင်ရောဂါကာကွယ်ဆေးကို အသက် ၆၅ နှစ်မတိုင်မီထိုးထားလျှင် ယခင်ဆေးနှင့် အနည်းဆုံး ငါးနှစ်ခြား၍ Booster Shot ထပ်မံထိုးရန်လိုအပ်သည်။ အသည်းရောင်အသားဝါ (ဘီ)ကာကွယ်ဆေးကို ယခင်က မထိုးရသေးသော သွေးချိုဆီးချိုရောဂါရှိသူများတွင် ထိုးရန်အကြံပြုထားသည်။

အချုပ်အားဖြင့်ဆိုသော် သွေးချိုဆီးချိုရောဂါရှိသူများတွင် သွေးတွင်းသကြားဓာတ်မြင့်မားမှု၏ နောက်ဆက်တွဲပြဿနာသည် မျက်လုံးနှင့် ခြေထောက်တို့အပါအဝင် ခန္ဓာကိုယ်၏ အစိတ်အပိုင်းများကို ဆိုးရွားစွာပျက်စီးစေနိုင်သည်။ စစ်ဆေးပြီး မကုသဘဲထားလျှင် အသက်အန္တရာယ်ရှိနိုင်ပါသည်။ ထို့ကြောင့် သွေးချိုဆီးချိုရောဂါ၏ နောက်ဆက်တွဲပြဿနာများကို ကာကွယ်ရန် သို့မဟုတ် နှောင့်နှေးစေရန် မှန်ကန်သောကုသမှုနှင့်အကြံပြုထားသော နေထိုင်မှုပုံစံပြောင်းလဲခြင်းဖြင့် ကာကွယ်တားဆီးနိုင်ကြောင်း ရေးသားလိုက်ရပါသည်။

ဒေါက်တာသိင်္ဂီကျော်

# မြို့နယ်အဆင့် ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာပွဲတော်အခမ်းအနားကျင်းပ



**သထုံ စက်တင်ဘာ ၂၅**

မွန်ပြည်နယ် သထုံမြို့နယ် သိမ်ကုန်းရပ်ကွက်ရှိ မြို့နယ်ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီခန်းမ၌ မြို့နယ်အဆင့် ကရင်တိုင်းရင်းသားတို့၏ ရိုးရာချည်ဖြူဖွဲ့မင်္ဂလာပွဲတော် အခမ်းအနားကို စက်တင်ဘာလ ၂၅ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ချည်ဖြူဖွဲ့မင်္ဂလာပွဲတော်တွင် သံဃာတော်များအားဆွမ်းဆက်ကပ်တရားနာယူပြီး လှူဖွယ်များလှူဒါန်းခြင်း၊ ကရင်တိုင်းရင်းသားအလံတော်အား အလေးပြုခြင်း၊ ချည်ဖြူဖြင့်အပြန်အလှန်လက်ချည်ကာ ဘိုးဘွားများထံမှဆုံးမသြဝါဒများနာခံခြင်း၊ မြို့နယ်ကရင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဝင်တစ်ဦးက ကရင်ရိုးရာချည်ဖြူဖွဲ့လက်ချည်ပွဲဖြစ်ပေါ်လာပုံနှင့် ချည်ဖြူဖွဲ့ရာတွင်ပါဝင်သည့်ပစ္စည်းကိုးမျိုးတို့၏အဓိပ္ပာယ်အားရှင်းလင်းခြင်း၊ ရိုးရာဝါးညှပ်အက၊ ယိမ်းအကများဖြင့် ဖျော်ဖြေခြင်း၊ အစားအသောက်များဖြင့် ဧည့်ခံကျွေးမွေးခြင်း စသည်တို့ကို ပြုလုပ်ကြသည်။

ချည်ဖြူဖွဲ့မင်္ဂလာပွဲတော်ကို နှစ်စဉ်ကျင်းပခြင်းသည် စည်းလုံးညီညွတ်စွာ ဘိုးဘွားများချမှတ်ထားသည့်ရိုးရာဓလေ့တွေကို ဖော်ထုတ်သည့်အနေဖြင့် ကျင်းပခြင်းဖြစ်ပြီး မိဘဘိုးဘွားတို့အနေဖြင့် မိမိတို့၏သားသမီးမြေးမြစ်များ တကွဲတပြားမဖြစ်စေဘဲ စုစုစည်းစည်း ချစ်ချစ်ခင်ခင်ရှိကြရန်နှင့် ကျန်းမာပျော်ရွှင်စွာရှိကြစေရန်၊ ကွဲကွာနေသောဆွေမျိုးစုများ ပြန်လည်တွေ့ဆုံရေး၊ မိသားစုပြန်လည်စုစည်းရေး၊ အချင်းချင်းချစ်ကြည်သွေးစည်းမှု ခိုင်မြဲရေး၊ ကြီးပွားတိုးတက်စေရေး၊ဘေးပယောဂမကောင်းကြံစည်မှုများအား နားမယောင်စေရေး၊ လူငယ်လူရွယ်များကို လူကြီးသူမများက ဆိုဆုံးမစကားပြောနိုင်ရေးတို့အတွက်ရည်ရွယ်ကာ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

သထုံမြို့နယ်တွင် ကရင်တိုင်းရင်းသား ၈၀၀၀၀ ဝန်းကျင်ခန့် နေထိုင်လျက်ရှိပြီး ချည်ဖြူဖွဲ့မင်္ဂလာပွဲတော်ကို သထုံမြို့ပေါ်နှင့် ကရင်တိုင်းရင်းသားအများစုနေထိုင်သည့် ကျေးရွာ ၃၇ ရွာတို့၌ နှစ်စဉ်ပြုလုပ်လေ့ရှိကြောင်း မြို့နယ်ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီမှ သိရသည်။

**သထုံခရိုင်(ပြန်/ဆက်)**

# မက်မန်းမြို့နယ်၌ ရာသီပေါ်မျှစ်များချိုးယူရောင်းချရ၍ မိသားစုအပိုဝင်ငွေရရှိ

**မက်မန်း စက်တင်ဘာ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မက်မန်းမြို့နယ်၌ မိုးရာသီတွင်သဘာဝအလျောက်ပေါက်ရောက်လျက်ရှိသော မျှစ်များကို ရှာဖွေရောင်းချသည့်ဒေသခံများအနေဖြင့် အပိုဝင်ငွေရရှိစေခြင်းနှင့် စီးပွားဖြစ်ဆောင်ရွက်လိုသူများအနေဖြင့် မျှစ်ချဉ်များစိမ်၍ရောင်းချနိုင်ခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိလျက်ရှိသည်။

မျှစ်များပေါ်သည့် ရာသီရောက်လာလျှင် နမ့်နန်းချောင်းတစ်လျှောက် ဒေသခံပြည်သူများသည် မျှစ်များရှာဖွေချိုးယူ၍ မက်မန်းမြို့သို့ လာရောက်ရောင်းချလျက်ရှိကြောင်း၊ ယခင်နှစ်က မျှစ်ထွက်ရှိမှုများပြားသော်လည်း ယခုနှစ်တွင် မျှစ်ထွက်ရှိမှုနည်းလာခြင်းကြောင့် ဈေးနှုန်းတက်လာသဖြင့် မိသားစုအပိုဝင်ငွေရရှိကြောင်း မျှစ်ရှာရောင်းချသူ ဒေသခံတစ်ဦးက ပြောသည်။

အချို့ကျေးရွာများတွင်လည်း မျှစ်ချဉ်၊ မျှစ်ချို၊ မျှစ်ခြောက်များပြုလုပ်၍ သိုလှောင်ထားရှိကာ မျှစ်များပြတ်လပ်သည့်ရာသီတွင် ပြန်လည်စားသုံးခြင်း၊ ရောင်းချခြင်းတို့ဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**စောဥမ္မာ(ခရိုင်၊ ပြန်/ဆက်)**

# ကောလင်းခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ဟင်းသီးဟင်းရွက်သီးနှံ ၂၈၇၉ ဧက စိုက်ပျိုးပြီးစီး

**ကောလင်း စက်တင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ဟင်းသီးဟင်းရွက်သီးနှံ ၂၈၇၉ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။



"ကောလင်းခရိုင်မှာ ဒီနေ့အထိ ဟင်းသီးဟင်းရွက်ဧက ၂၈၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့ စိုက်ပျိုးနိုင်အောင်တောင်သူတွေကိုနည်းပညာပေးတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို တောင်သူတွေကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းသိန်းက ပြောသည်။

ယခုနှစ် ကောလင်းခရိုင်တွင် မြို့နယ်အလိုက် ဟင်းသီးဟင်းရွက်သီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၈၉၄ ဧက၊ ဝန်းသိုမြို့နယ်တွင် ၁၄၂၄ ဧကနှင့် ပင်လည်ဘူးမြို့နယ်တွင် ၅၆၁ ဧက စုစုပေါင်း ၂၈၇၉ ဧကတို့ဖြစ်ကြောင်း သိရသည်။

ကောလင်းခရိုင်တွင် နှစ်စဉ် ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသော ဟင်းသီးဟင်းရွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေရရှိကြောင်း သိရသည်။ (၄၀၉)

## ပြည့်ဂုဏ်မြင့်မား အားကစား

❖ ကြည်း ရေ လေ တပ်မတော်သား<br>
အားကစားပွဲ စတင်ပြီ။<br>
သွေ့ထက်ငါ သာလွန်ကဲ<br>
ပြိုင်ပွဲဝင်မည်။<br>
စွမ်းအားရှိ ဇွဲနဲ့ညီ<br>
စိတ်ဓာတ်သည် အဓိက။<br>
ရွှေဆုတွေ များများရအောင်<br>
ကြိုးစားနေကြ။

❖ တပ်မတော်မှာ အစပြု<br>
အောင်မြင်မှု အခြေခံ။<br>
အားကစားမှာ အောင်မြင်ခြင်း<br>
ဂုဏ်သတင်းပြည့်လျှံ။<br>
နိုင်ငံအဆင့် တက်လှမ်းရန်<br>
ခွင့်လမ်းမှန် လျှောက်ကာလှမ်း။<br>
ရွှေဆုတွေ လည်မှာဆွဲလို့<br>
အောင်ပွဲ ဆင်မြန်း။

❖ တပ်မတော်သည် တိုင်းပြည်အတွက်<br>
ဘက်ပေါင်းစုံက ပါဝင်ပေ။<br>
နိုင်ငံ့ဂုဏ်ဆောင် အောင်မြင်ရေး<br>
ဦးစားပေးနေ။<br>
အားကစားကဏ္ဍ မြင့်မားစေ<br>
ကြည်း ရေ လေ ပြိုင်ပွဲများ။<br>
ထူးချွန်သူ ပေါ်ထွက်ရေး<br>
အားပေးလို့ထား။

❖ နိုင်ငံတော်သီချင်း<br>
သီဆိုရင်း မြင်တွေ့သော်။<br>
မြင်ရသူ ရွှေရင်ထဲ<br>
ပီတိကဲလို့ပျော်။<br>
နိုင်ငံတော်ရဲ့အလံတော်<br>
လေပေါ်မှာ လွင့်ပျံ့ဝဲ။<br>
အားကစားမှာ ကိုယ်စားပြုတဲ့<br>
ပြည်သူ့အောင်ပွဲ။ ။

**အာကာမောင်မောင်**

## သဇင် (FM)အသံလွှင့်အစီအစဉ်

၂၆-၉-၂၀၂၄(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် | ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၂။ | ၁၀:၀၀ | Internet Pages | ၅။ | ၁၈:၂၀ | Thazin Request Song |
| ၃။ | ၁၄:၃၀ | Live For You | ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

# ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲများ၌ ဆုရရှိသူများထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၂၅

၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများ၌ ဆုရရှိကြသူများကို ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ အဆိုပါဆုရရှိသူများမှာ အောက်ပါအတိုင်းဖြစ်သည်-

**၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ**

**အဆင့်မြင့်ပညာအဆင့် ဆရာ/ဆရာမများ**

**ခေါင်းစဉ် - "အနာဂတ် စိန်ခေါ်မှုများနှင့် ဆရာ၏အခန်းကဏ္ဍ"**

ပထမ - ဒေါ်အိအိသော်၊ လရိပ်ချို (မြန်မာစာ)၊ နည်းပြ ၊ မြန်မာစာဌာန ၊ မိတ္ထီလာပညာရေးဒီဂရီကောလိပ်၊ မန္တလေးတိုင်းဒေသကြီး

ဒုတိယ - ဒေါ်မိုးမိုးခိုင်၊ ကထိက၊ သမိုင်းသင်ပြနည်းဌာန၊ မန္တလေးပညာရေးဒီဂရီကောလိပ်၊ မန္တလေးတိုင်းဒေသကြီး

တတိယ - ဒေါ်မေဇင်ဦး၊ မေဦး(မြန်မာစာ)၊ နည်းပြ၊ ပညာရေးဖွံ့ဖြိုးမှုဘာသာရပ်များဌာန၊ လှည်းကူးပညာရေးဒီဂရီကောလိပ်၊ ရန်ကုန်တိုင်းဒေသကြီး

**အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးနှင့်အထက် အရာထမ်းများအဆင့်**

**ခေါင်းစဉ် - " ဆရာသည်သာအခရာ"**

ပထမ - ဒေါက်တာနန်းအိဖြိုးမွန်၊ နန်းမွန်(ပညာရေး)၊ လက်ထောက်ညွှန်ကြားရေးမှူး(ပညာဌာန)၊ နေပြည်တော်ပညာရေးမှူးရုံး(တွဲဖက်)

ဒုတိယ - ဒေါ်ခင်ဆွေဦး၊ ကျောင်းအုပ်ကြီး၊ အလက(၂၉)၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

တတိယ - ဒေါ်အိအိခိုင်၊ ဧကရီ(ကျောင်းကုန်း)၊ ကျောင်းအုပ်ကြီး၊ အခြေခံပညာအထက်တန်းကျောင်း၊ တကုန်းကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

**အခြေခံပညာအထက်တန်းဆင့်သင်ဆရာ၊ ဆရာမများအဆင့်**

**ခေါင်းစဉ် - "လိုချင်သောပညာအတွက် လိုအပ်သောဆရာ"**

ပထမ - ဒေါ်လေးလေးနွယ်၊ မလေး(ပညာရေး)၊ အထက်တန်းပြ၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)

ဒုတိယ - ဒေါ်လွင်လွင်ဟန်၊ လွင်(မြန်မာစာ)၊ အထက်တန်းပြ၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

တတိယ - ဒေါ်စန်းမော်၊ မိုးဝသန်(မြဝတီ)၊ အထက်တန်းပြ၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ မြဝတီမြို့၊ ကရင်ပြည်နယ်

**အခြေခံပညာအလယ်တန်းဆင့်နှင့်မူလတန်းဆင့်သင်ဆရာ၊ ဆရာမများအဆင့်**

**ခေါင်းစဉ် - " လိုချင်သောပညာအတွက် လိုအပ်သောဆရာ"**

ပထမ - ဒေါ်သီတာခိုင် (သီတာဝင့်)၊ ဒုတိယမူလယ်တန်းပြ၊ အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဒုတိယ - ဒေါ်စိုးစန္ဒာလွင်၊ ဒုတိယမူလတန်းပြ၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

တတိယ - ဒေါ်နှင်းဝါထွန်း(စနိုး)၊ ဒုတိယအလယ်တန်းပြ၊ အခြေခံပညာအထက်တန်းကျောင်း၊ မလွန်၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး

**၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ**

**တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်/သိပ္ပံအဆင့်**

**ခေါင်းစဉ် - "ဘဝလမ်းညွှန် ဆရာမွန်"**

ပထမ - မောင်ဇင်ဖြိုးကျော်၊ တတိယနှစ်၊ ပထမနှစ်ဝက်၊ ဘိုကလေးပညာရေးဒီဂရီကောလိပ်၊ ဧရာဝတီတိုင်းဒေသကြီး

ဒုတိယ - မလင်းလဲ့လဲ့ဝေ၊ တတိယနှစ်၊ ပထမနှစ်ဝက်၊ တောင်ငူပညာရေးဒီဂရီကောလိပ်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)

တတိယ - မအေးအေးအောင်၊ ပထမနှစ်၊ ဒုတိယနှစ်ဝက်၊ မုံရွာပညာရေးဒီဂရီကောလိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး

**အခြေခံပညာအထက်တန်းအဆင့်**

**ခေါင်းစဉ် - " ပညာဥယျာဉ်မှူး"**

ပထမ - မောင်ကောင်းခန့်ကျော်၊Grade-12၊ အခြေခံပညာအထက်တန်းကျောင်း၊တံခွန်တိုင်၊ ရွှေကျင်မြို့၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)

ဒုတိယ - မဝေဝေလွင်၊ Grade-11 ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကညင်ပင်၊ မင်းလှမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး(အနောက်)

တတိယ - မထက်အိန္ဒြာလှိုင်၊ Grade-11 ၊ လမ်းပြကြယ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး

**အခြေခံပညာအလယ်တန်းအဆင့်**

**ခေါင်းစဉ် - "ဆရာမပြ နည်းမကျ"**

ပထမ - မောင်ဉာဏ်လင်းမြတ်၊ Grade-9၊ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

ဒုတိယ - မသန္တာအေး၊ Grade-9၊ အခြေခံပညာအထက်တန်းကျောင်း၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)

တတိယ - မမျိုးသဇင်ကျော်၊ Grade-9၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံအရှေ့မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲ**

**တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်/သိပ္ပံအဆင့်**

**ခေါင်းစဉ် - "ဘဝရှေ့ဆောင် မီးရှူးရောင်"**

ပထမ - မောင်ဉာဏ်လင်းမြင့်၊ တတိယနှစ်၊ ပထမနှစ်ဝက်၊ တောင်ငူပညာရေးဒီဂရီကောလိပ်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)

ဒုတိယ - မဝေဝေထွန်း၊ ပညာရေးဘွဲ့သင်တန်း၊ တတိယနှစ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်းတိုင်းဒေသကြီး

တတိယ - မောင်ချစ်မင်းဦး၊ ဒုတိယနှစ်၊ ဒုတိယနှစ်ဝက်၊ မကွေးပညာရေးဒီဂရီကောလိပ်၊ မကွေးတိုင်းဒေသကြီး

**အခြေခံပညာအထက်တန်းအဆင့်**

**ခေါင်းစဉ် - " ကြယ်ရူဝံပမာ မြတ်ဆရာ"**

ပထမ - မနှင်းအိဝင့်လွှာ၊ Grade-12 ၊ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

ဒုတိယ - မဇူးဇူးဇင်၊ Grade-11 ၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၊ ဘားအံမြို့၊ ကရင်ပြည်နယ်

တတိယ - မောင်သန်းမြတ်မိုး၊ Grade-11 ၊ အမှတ်(၂၉) အခြေခံပညာအထက်တန်းကျောင်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

**အခြေခံပညာအလယ်တန်းအဆင့်**

**ခေါင်းစဉ် - " ဆရာသခင် ကျေးဇူးရှင်"**

ပထမ - မနေခြည်လင်းလက်၊ Grade-6 ၊ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

ဒုတိယ - မောင်ပြည့်စုံမြတ်သူ၊ Grade-9 ၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

တတိယ - မအေးပပသော်၊ Grade-9 ၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

ပြိုင်ပွဲများတွင် ဆုရရှိသူအားလုံးသည် အောက်တိုဘာလ ၃ ရက် (ကြာသပတေးနေ့) ညနေထက်နောက်မကျဘဲ နေပြည်တော်၊ စည်ပင်တည်းခိုရိပ်သာ အမှတ်(၁)တွင် တည်းခိုနိုင်ရန်အတွက် ဦးအောင်လှိုင်ဝင်း ၊ ဒုတိယညွှန်ကြားရေးမှူး၊အခြေခံပညာဦးစီးဌာန (ဖုန်း-၀၉-၈၉၀၁၂၄၈၈၈၄) နှင့် ဦးစိုးထွန်းအောင်ကျော်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ အခြေခံပညာဦးစီးဌာန(ဖုန်း-၀၉-၂၆၅၃၈၇၂၈၁)၊ နေပြည်တော်ထံ ဆုရရှိသူ (+၁)သာရောက်ရှိ (မပျက်မကွက်)သတင်းပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ (၅၀၀)

# (၃၂)ကြိမ်မြောက် အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီဝန်ကြီးများအဆင့် အစည်းအဝေးတက်ရောက်ရန် ဒုတိယဝန်ကြီး ဒေါ်နုမြဖံ့ လာအိုနိုင်ငံသို့ ထွက်ခွာ



ရန်ကုန် စက်တင်ဘာ ၂၅

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံ့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူထားသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှကြီးမှူး၍ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၅ ရက်မှ ၂၇ ရက်အထိ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပမည့် (၃၂)ကြိမ်မြောက် အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီဝန်ကြီးများအဆင့် အစည်းအဝေး (32nd ASEAN Socio-Cultural Community (ASCC) Council Meeting) သို့ ပြည်ထောင်စုဝန်ကြီးကိုယ်စား တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် Myanmar Airways International လေကြောင်းဖြင့် ရန်ကုန်မြို့မှ လာအိုနိုင်ငံသို့ ထွက်ခွာသွားသည်။

ဒုတိယဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မိုးရာသီထန်းပင်စိုက်ပျိုးပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တက်ရောက်



နေပြည်တော် စက်တင်ဘာ ၂၅

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် သံဝေဇနီယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ)၌ ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့်အတူ မိုးရာသီ ထန်းပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်သည်။

ထန်းပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ထန်းပင်များသည် မိမိတို့နိုင်ငံအတွင်းတွင် ရေဝပ်သည့်ဒေသများမှလွဲပြီး နေရာအနှံ့အပြားပေါက်ရောက်ရှင်သန်နိုင်သည့်အတွက် စိုက်ပျိုးရန်အတွက်လည်း ခာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် ရေပေးသွင်းရန်လည်း မလိုအပ်ဘဲ သဘာဝအစိုဓာတ်ဖြင့် ပေါက်ရောက်နိုင်သည့် အပင်ဖြစ်ကြောင်း။

ယခုနှစ် မိုးရာသီကာလအတွင်း ထန်းမျိုးစေ့ ၃၆၁၀၀ ကို ဥပ္ပါတသန္တိစေတီတော်ဝတ္တကမြေ၊ သံဝေဇနီယလေးဌာန ဝတ္တကမြေ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၁)၊ (၃၅) ပတ်ဝန်းကျင်၊ အမျိုးသားပြတိုက် (နေပြည်တော်)၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ပတ်ဝန်းကျင်တို့တွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ထန်းမျိုးစေ့များကို ဦးဆောင်စိုက်ပျိုးပေးပြီး ဝန်ထမ်းများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ရုံးဝန်ထမ်းများ ထန်းမျိုးစေ့စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

အလားတူ ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၁)၊ ရုံးအမှတ်(၃၅) လေ့ကျင့်ရေးဇာတ်ရုံ၊ အမျိုးသားပြတိုက် (နေပြည်တော်)၊ ဝန်ကြီးရုံးဘေးရှိ တစ်ဖက်ပိတ်ဆည်၊ အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ပတ်ဝန်းကျင်တို့ရှိသတ်မှတ်နေရာများ၌ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများက ထန်းမျိုးစေ့များကို စိုက်ပျိုးကြကြောင်း သိရသည်။

(၅၀၀)



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုကြောင့် တင်ကျန်ခဲ့သော သဲနုန်းများကို လူအင်အား၊ စက်ယန္တရားအင်အားဖြင့် ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများက တောင်ငူမြို့အတွင်း၌ ဌာနဆိုင်ရာဝန်ထမ်းများ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။



သာစည်မြို့နယ်အတွင်း ရေကြီးရေလျှံမှုများကြောင့် ဆင်တောင်ဘူတာနှင့် ပျက်စီးသွားသောနေရာများအား တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေး၍ ထောက်ပံ့ငွေများ ပေးအပ်စဉ်။



ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် မြင်းစိုင်းကုန်းရွာ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုကျမှုကိုတွေ့ရစဉ်။

● **ကျောဖုံးမှအဆက်**

ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင်လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကလောမြို့နယ်၊ လင်းခေးမြို့နယ်၊ မောက်မယ်မြို့နယ်တို့တွင်လည်းကောင်း၊ ကယားပြည်နယ်၊ လွိုင်ကော် မြို့နယ်တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်တွင်လည်းကောင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အဦများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရောပေးအပ်လှူဒါန်းခြင်းနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေမှုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

၎င်းအပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း/တံတားများကိုလည်း ယာယီသံပေါင်ဘေလီတံတားများအစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံးဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

## ထူးခြားသည့် နေ့အပူချိန်များ

၂၅-၉-၂၀၂၄

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ကော့ကရိတ် | ၃၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် | စစ်ကိုင်း | ၃၃ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| ထားဝယ် | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | ဖောင်းတူ | ၃၃ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| မြစ်ကြီးနား | ၃၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် | ရွှေဘို | ၃၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မန္တလေး | ၃၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် | မြင်းခြံ | ၃၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၃၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် | ညောင်ဦး | ၃၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မြောင်းမြ | ၃၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် | ကျောက်ဆည် | ၃၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

■ **လေဖိအားနည်းရပ်ဝန်းမှ**

တို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ချက်တစ်ဂတ်ပြည်နယ်တောင်ပိုင်းတွင် အားလျော့သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(၅၀၀)

**ဘင်္ဂလား ပင်လယ်အော် အခြေအနေ**

နေပြည်တော် စက်တင်ဘာ ၂၅

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

(မိုး/ဇလ)

# အားကစားနှင့် အမျိုးသားရေးတာဝန်

အန်ကယ်စိုး

နေပြည်တော် ဇေယျာသီရိအားကစားကွင်းကြီး၌ စက်တင်ဘာလ ၂၅ ရက် ညနေပိုင်းတွင် "၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ"ဖွင့်ပွဲအခမ်းအနားကျင်းပမှုအား ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသခြင်းကို ကြည့်ရှုလိုက်ရသည်။ ထိုသို့ကြည့်ရှုလိုက်ရသောကြောင့် ယခင်ရက်ပိုင်းကာလက ပုဗ္ဗသီရိမြို့ပတ်လမ်းတစ်လျှောက် မြင်တွေ့ခဲ့ရသော သံဝေဂရဖွယ်၊ စိတ်ထိခိုက်ဖွယ် ရေဘေးသင့်မြင်ကွင်းများကို မြင်၍ စိတ်မချမ်းမသာဖြစ်ခဲ့ရသော စာရေးသူအနေဖြင့် အဆိုပါအားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကိုကြည့်ရှုလိုက်ရသောအခါ စိတ်ထဲအေးမြခြင်းနှင့်အတူ သက်သာသလိုခံစားမိသည်။



▸▸ အားကစားအောင်မြင်မှုသည် ဒြပ်မဲ့နည်းလမ်းဖြင့် နိုင်ငံတစ်နိုင်ငံ၏ စည်းလုံးကြံ့ခိုင်မှုကိုဖော်ညွှန်းနေသော အရာတစ်ခုပင်ဖြစ်၊ အားကစားသည် ကွင်းအတွင်းယှဉ်ပြိုင်နေကြသော ကစားသမားများနှင့်သာ တိုက်ရိုက်သက်ဆိုင်သည်မဟုတ်ဘဲ ယင်းတို့နှင့်ဆက်နွှယ်နေသည့် တိုင်းရင်းသားပြည်သူများမှသည် နိုင်ငံတော်အထိ ကိုယ်စားပြုနေခြင်းဖြစ် . . .

တိုင်ဖွန်းမုန်တိုင်းရာဂီ၏အရှိန်ကြောင့် စက်တင်ဘာလ ၁၀ ရက်မှစတင်ကာ မြန်မာနိုင်ငံအတွင်း နေရာအနှံ့အပြားမိုးအဆက်မပြတ်ရွာသွန်းခဲ့ကာ နေပြည်တော်ကောင်စီအတွင်းရှိ နယ်မြေများအပါအဝင် အချို့သောတိုင်းဒေသကြီးများတွင် ပြည်သူများ ရေဘေးဒဏ်သင့်ခဲ့ရသည်။ စာရေးသူတို့မျက်စိရှေ့တွင်ပင် သိုက်ချောင်းတံတား(ဆင်သေချောင်းကူး) ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။ လွန်ခဲ့သော ၁၀ ရက်ခန့်က စိမ်းစိုဝေဆာနေသော မြို့ပတ်လမ်းဘေးမှ လယ်ကွင်းများသည် သဘာဝဘေး၏ ခေါ်ဆောင်ရာနောက် မလွဲမရှောင်သာဝပ်ဆင်းခဲ့ရသည်။ လမ်းတံတားများလည်း ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည်။ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အတူ တာဝန်ရှိသူများ၏ အချိန်နှင့်တစ်ပြေးညီ နေ့ညမနားကြိုးစားဆောင်ရွက်မှုကြောင့် ယာယီဘေလီတံတားများကိုအမြန်ဆုံးအစားထိုးတည်ဆောက်နိုင်ခဲ့ကာ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုဒဏ်ကို ရေရှည်မခံစားခဲ့ရခြင်းဖြစ်သည်။ ထိုကာလအတွင်း တပ်မတော်သားများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်ဝန်ထမ်းများနှင့် တာဝန်သိလုပ်သားပြည်သူများ၊ ပရဟိတသမားများက ရေဘေးသင့်ပြည်သူများ ကယ်ဆယ်ရေးလုပ်ငန်းများအပြင် ရေလွှမ်းမိုးခဲ့သည့်နေရာများအား သန့်ရှင်းရေးလုပ်ငန်းများကို နေပူမရှောင် မိုးရွာမရှောင်ဆောင်ရွက်ခဲ့ကြသည်။ စေတနာရှင်အလှူရှင်များကလည်း ရေဘေးကယ်ဆယ်ရေးစခန်းများတွင်လည်းကောင်း၊ ကျေးရွာများအထိသွားရောက်၍လည်းကောင်း မြန်မာတို့၏စေတနာသဒ္ဓါတရားကို ပြသခဲ့ကြသည်။ သိုက်ချောင်းတံတားမရောက်မီ ရေလွှမ်းခဲ့သော လမ်းဘေးရှုခင်းများနှင့် ယင်းတို့မှထွက်ပေါ်နေဆဲဖြစ်သော ရွှံ့နုန်းမြေအနံ့များသည် ယခင်ခံစားနေကျ လယ်ကွင်းရနံ့များနှင့် ဆန့်ကျင်ဘက်ဖြစ်လို့နေပါ၏။ ထိုအနံ့များကို မသိကျိုးကျွန်ပြုကာ သန့်ရှင်းရေးလုပ်ငန်းများ၊ တံတားတည်ဆောက်ရေးလုပ်ငန်းများကိုအားကြိုးမာန်တက်ဆောင်ရွက်နေကြသည့် တပ်မတော်သားများ၏ပုံရိပ်များနှင့် အားကစားကဏ္ဍဖြင့် နိုင်ငံတော်၏အမျိုးသားရေးတာဝန်ကို တစ်ဖက်တစ်လမ်းမှ ကျေပွန်စွာထမ်းဆောင်ကြမည့် တပ်မတော်သားတို့၏ပုံရိပ်များက စာရေးသူ၏ မျက်ဝန်းထဲ ထင်ထင်ရှားရှားပေါ်လာခဲ့ရပြန်သည်။



နိုင်ငံတော် ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်သုံးခုသည် တပ်မတော်၏ အဓိကလုပ်ငန်းတာဝန်ကြီးများပင်ဖြစ်ပေသည်။ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ တိုင်းရင်းသားပြည်သူများအား နှိပ်စက်ညှဉ်းပန်းမှုနှင့်အချုပ်အခြာအာဏာထိပါးလာမှုအပေါ် ကာကွယ်ခြင်းသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး ထိုကာကွယ်ရေးတာဝန်ဆောင်ရွက်နိုင်ရန် လေ့ကျင့်သားပြည့်ဝစေရန်အတွက်လည်း တစ်ချိန်တည်းမှာပဲ လေ့ကျင့်မှုများကို ဆောင်ရွက်ရပြန်ပါသည်။ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ ရန်ကို နှိမ်နင်းရင်း၊ လေ့ကျင့်ရေးများ မပြတ်ဆောင်ရွက်ရင်း တစ်ဖက်မှာလည်း ပြည်သူ့အကျိုးပြုလုပ်ငန်းများကို နေ့နေ့ညည ဆောင်ရွက်ပေးလျက်ရှိနေပါသည်။ အနီးစပ်ဆုံးအထက်တွင်တင်ပြခဲ့သည့်ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်လျက်ရှိသည့်ပုံရိပ်လွှာများကအထင်အရှားသက်သေတို့ပင်ဖြစ်ပါ၏။ ထိုများပြားလှသည့် တာဝန်များကြားမှပင် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သော အားကစားပြိုင်ပွဲများကိုလည်း မပျက်မကွက်ကျင်းပကာ နိုင်ငံတော်အတွက် ရွှေပုန်းသီးအားကစားသမားများကို ရှာဖွေဖော်ထုတ်ပေးလျက်ရှိပါသည်။

ပြည်သူကြားကပေါက်ဖွားလာသော ပြည်သူ့တပ်မတော်သားများပီပီ လူတန်းစားစုံသကဲ့သို့ အတတ်ပညာများကလည်း စုံလင်လှသည်။ မိမိတို့တွင်ပါလာခဲ့သော အားကစားပါရမီ၊ အနုပညာပါရမီတို့သည် တပ်မတော်တွင်စနစ်တကျထပ်မံလေ့လာဆည်းပူးမှုဖြင့် ပိုမို၍အရောင်အသွေးတောက်ပသူများအဖြစ် ရပ်တည်နိုင်ခဲ့ကြသည်။ အနုပညာရှင်များ၊ အားကစားသမားကောင်းများသာမက ပြည်သူကအားကိုးရသော တပ်မတော်သားဆရာဝန်များ၊ အင်ဂျင်နီယာပညာရှင်များကို မြင်တွေ့ရသည်မှာ တပ်မတော်အတွက်သာမက နိုင်ငံတော်အတွက်ပင် ဂုဏ်ယူဖွယ်ကောင်းလှပါသည်။ **"အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ပါသည်"**ဟူသည့်အတိုင်း နိုင်ငံတော်၏အားကစားကဏ္ဍမြင့်မားစေရေးကို အထောက်အကူပြုနိုင်ရန် တပ်မတော်အတွင်းတပ်ရင်းအဆင့်ပြိုင်ပွဲများမှသည် တပ်နယ်၊ တပ်မ၊ တိုင်းစစ်ဌာနချုပ်ပြိုင်ပွဲအသီးသီးကို ကျင်းပပြီး ထိုပြိုင်ပွဲများမှ လက်ရွေးစင်များကိုစုဖွဲ့ကာ တပ်မတော်(ကြည်း၊ ရေ၊ လေ)ပြိုင်ပွဲကြီးဆီ ဝင်ရောက်ယှဉ်ပြိုင်စေခဲ့ကြသည်။ ထိုသို့ကျင်းပရခြင်းမှာ တပ်မတော်မှ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ မွေးထုတ်ပေးနိုင်ရန်နှင့်မကြာခင်ကျင်းပမည့် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ကစားနိုင်ရေး ထူးချွန်သည့် လက်ရွေးစင်တပ်မတော်သားအားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်ပြီးကျင်းပခြင်းဖြစ်သည်။

တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲတွင် ထည့်သွင်းယှဉ်ပြိုင်သော သေနတ်ပစ်၊ မြန်မာ့သိုင်း၊ ကရာတေး၊ ဂျူဒို၊ တိုက်ကွမ်ဒို၊ လက်ဝှေ့ကစားနည်းတို့သည် ကာကွယ်ရေးအထောက်အကူပြုအားကစားနည်းများပင်ဖြစ်ပေသည်။ မည်သည့်အားကစားနည်းမဆို အတွေးအခေါ်ရင့်သန်မှုကိုရရှိစေကာ ကိုယ်ကာယကြံ့ခိုင်မှုအကျိုးအမြတ်ကိုလည်း ရရှိစေသည်ဖြစ်၏။ အားကစားနည်းတိုင်းတွင် ဉာဏစွမ်းရည်ကို ရှေ့တန်းတင်ရပြီး ကိုယ်ခန္ဓာကြံ့ခိုင်မှု၊ စိတ်ဓာတ်ခိုင်မာမှုတို့က ပံ့ပိုးပေးရလေ့ရှိသည်။ အစုအဖွဲ့နှင့်ယှဉ်ပြိုင်ရသော အားကစားနည်းတိုင်းသည် တစ်ဦးကောင်းဖြင့်မရဘဲ စည်းလုံးညီညွတ်မှု၊ တစ်ကိုယ်ကောင်းစိတ်မရှိမှု၊ သက်လုံကောင်းမွန်မှုတို့က စကားပြောလာသည်။ မိမိထက် အင်အားကြီးသောအသင်း၊ ပြိုင်ဘက်ပင်ဖြစ်လင့်ကစား ကွင်းအတွင်း ပြိုင်ဘက်ကို လေ့လာသုံးသပ်နည်းစနစ်မှန်ကန်စွာ ဉာဏ်ပညာ သက်လုံပေါင်းလျက် ယှဉ်ပြိုင်နိုင်သူက အောင်ပွဲဆင်လေ့ရှိကြောင်း ကမ္ဘာ့သမိုင်း အားကစားမှတ်တမ်းများက အထင်အရှားသက်သေပြလျက်ရှိနေပါသည်။ ထိုနည်းလမ်းဖြင့် မည်သူမျှ ထင်မှတ်မထားသောအောင်မြင်မှုကို ၁၉၉၂ ခုနှစ်တွင် ဒိန်းမတ်အသင်း၊ ၂၀၀၄ ခုနှစ်တွင် ဂရိအသင်း၊ ၂၀၁၇ ခုနှစ်တွင် အီရတ်အသင်း၊

စာမျက်နှာ ၁၃ သို့

○ စာမျက်နှာ ၁၂ မှအဆက်

၂၀၁၁ ခုနှစ်တွင် ဂျပန်အမျိုးသမီးဘောလုံးအသင်းတို့က အသီးသီးအောင်ပွဲယူပြနိုင်ခဲ့ကြသည်။ စစ်တို့၏သဘောသည် အင်အားအနည်းအများ ပမာနမကျသကဲ့သို့ အားကစားသည်လည်း နာမည်ကြီးအားကစားသမားများစုဖွဲ့ထားခြင်း မစုဖွဲ့ထားခြင်းတို့က အရေးအကြီးဆုံးမဟုတ်ဘဲ လက်တွေ့ယှဉ်ပြိုင်နိုင်မှုစွမ်းရည်တို့ကသာ အခရာကျပါသည်။ သို့သော် အောင်ပွဲဆွတ်ခူးနိုင်ရန်အတွက်မူ လေ့ကျင့်သားပြည့်ဝရပါမည်။ ကျွမ်းကျင်မှုရှိရပါမည်။ နည်းစနစ်ကျရပါမည်။ ကြံ့ခိုင်သန်စွမ်းမှုနှင့်အတူ စိတ်ဓာတ်စည်းကမ်းပါ ကောင်းရပါဦးမည်။ ထိုအရာများမရှိပါဘဲ အောင်မြင်မှုအလွယ်တကူမရနိုင်ပါချေ။

မြန်မာ့အားကစား အောင်မြင်မှုမှတ်တမ်းများကို လေ့လာကြည့်ရာတွင် တပ်မတော်သား အားကစားသမားများ၏မှတ်တမ်းကောင်းများကို ဂုဏ်ယူဖွယ်တွေ့ရှိရပေမည်။ တစ်ခါဆီက ကျွန်းဆွယ်ပြိုင်ပွဲများနှင့် အာရှအိုလံပစ်ပြိုင်ပွဲများတွင် တပ်မတော်ဂုဏ်နှင့် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်ပေးခဲ့ကြသော အားကစားနည်းအမျိုးမျိုးမှ အားကစားသမားများစွာ ပေါ်ထွက်ခဲ့ကြသည်။ ယနေ့ထက်တိုင်လည်း ဒေသတွင်းနှင့်ကမ္ဘာ့အဆင့်ပြိုင်ပွဲများတွင် အောင်ပွဲဆွတ်ခူးပေးနေကြသော တပ်မတော်သားအားကစားသမားများကို တွေ့မြင်နေရသည့်အတွက် စာရေးသူအနေဖြင့် ဝမ်းသာပီတိဖြစ်မိသည်။ ထိုအစဉ်အလာကောင်းများ မပျောက်ပျက်သွားစေရေးနှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် အသင့်ဖြစ်နေစေရန် ယခုကဲ့သို့အားကစားပြိုင်ပွဲကြီးကို ကျင်းပပေးနေခြင်းဖြစ်သည်ဟု စာရေးသူယုံကြည်မိပါသည်။ ထိုသို့ကျင်းပပေးခြင်းအားဖြင့် မျိုးဆက်သစ်အားကစားဝါသနာရှင်များအတွက်လည်း အခွင့်အလမ်းကောင်းများကို ရရှိစေမည်ဖြစ်ပေသည်။

ယနေ့အချိန်တွင် နိုင်ငံတော်အနေဖြင့်လည်း **“တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး”**ဟူသည့် အချက်အားဦးတည်ချက်(၉)ရပ်တွင် ထည့်သွင်းပြဋ္ဌာန်းထားပြီး ပြဋ္ဌာန်းချက်နှင့်အညီဆောင်ရွက်ရမည့် လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိနေသည်ကို တွေ့ရှိရပါသည်။ အားကစားအောင်မြင်မှုသည် ဒြပ်မဲ့နည်းလမ်းဖြင့် နိုင်ငံတစ်နိုင်ငံ၏စည်းလုံးကြံ့ခိုင်မှုကို ဖော်ညွှန်းနေသော အရာတစ်ခုပင်ဖြစ်၏။ အားကစားသည် ကွင်းအတွင်းယှဉ်ပြိုင်နေကြသော ကစားသမားများနှင့်သာ တိုက်ရိုက်သက်ဆိုင်သည်မဟုတ်ဘဲ ယင်းတို့နှင့်ဆက်နွှယ်နေသည့်တိုင်းရင်းသားပြည်သူများမှသည် နိုင်ငံတော်အထိ ကိုယ်စားပြုနေခြင်းဖြစ်သည်။ ထို့ကြောင့်ပဲ အားကစားသမားတိုင်းသည် မိမိတို့၏ယှဉ်ပြိုင်ခြင်းမှာ အားကစားဆိုသည်ထက် အမျိုးသားရေးတာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ကြခြင်းဖြစ်ကြောင်းခံယူကာ မဆုတ်မနစ် ကြိုးစားယှဉ်ပြိုင်ကြခြင်းဖြစ်ပေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စက်တင်ဘာလ ၂၅ ရက်နေ့ နေပြည်တော် ဇေယျာသီရိအားကစားကွင်း၌ကျင်းပသော ၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ် **“တပ်မတော်(ကြည်း၊ရေ၊လေ)အားကစားပြိုင်ပွဲတွင် မိမိတို့တိုင်းစစ်ဌာနချုပ်၏ဂုဏ်ကိုဆောင်နိုင်သူ အားကစားသမားဖြစ်ရမည်ဟူသည့် ရည်မှန်းချက်ထားယှဉ်ပြိုင်သွားကြရန်၊ ရှိပြီးဖြစ်သည့် ကာယဉာဏစွမ်းအားများကို ရေကုန်ရေခန်းထုတ်ဖော်ပြသပြီး တပ်မတော်ဂုဏ်ဆောင်အဆင့်မှ နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အဆင့်ထိရောက်အောင် ကြိုးပမ်းသွားကြရန်၊ ကာကွယ်ရေးတာဝန်ကျေပွန်သည့်တပ်မတော်သားကောင်းအဖြစ်သာမက တပ်မတော်နှင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားကောင်းများဖြစ်အောင် မလျှော့သောဇွဲ၊ လုံ့လ၊ အားမာန်၊ စိတ်ဓာတ်တို့ဖြင့် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း”**ထည့်သွင်းပြောကြားခဲ့သည်။

တပ်မတော်သား အားကစားသမားတို့သည်လည်း တပ်မတော်၏စိတ်ဓာတ်များဖြစ်သည့် လေ့ခွက်ချည်းကျန် အလံမလှဲသည့်စိတ်ဓာတ်၊ တုံးတိုက်တိုက်ကျားကိုက်ကိုက်စိတ်ဓာတ်၊ တပ်မတော်၏အစဉ်အလာကို အသက်ပေးစောင့်ထိန်းလိုသည့်စိတ်ဓာတ်များဖြင့် ယခုဆိုလျှင် မိမိတို့ပါဝင်ယှဉ်ပြိုင်ကြမည့် (ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲကြီးအတွက် အသင့်ရှိနေကြပြီဟု ယုံကြည်မိပါသည်။ စာလုံး သုံးလုံးတည်းသာရှိသော်ငြား များစွာလေးနက်မှုရှိသည့် “အားကစား” ဟူသော ဝေါဟာရ၏နောက်ကွယ်တွင် မမြင်ရနိုင်သော စွမ်းအားများရှိနေပါသည်။ ထိုစွမ်းအားများသည် တိုင်းပြည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် များစွာအထောက်အကူပြုလျက်ရှိနေပါသည်။ ယင်းစွမ်းအားများ စဉ်ဆက်မပြတ်ပေါ်ထွန်းနိုင်ရေးအတွက် တပ်မတော်သည် အဓိကလုပ်ငန်းတာဝန်ကြီးသုံးခုအပြင် အမျိုးသားရေးတာဝန်ဖြစ်သောအားကစားကဏ္ဍကိုလည်း ဟန်ချက်ညီညီ အကောင်အထည်ဖော်လျက်ရှိနေပါသည်။ ဆိုရပါလျှင် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲကြီးသည် တပ်မတော်သားတို့သာ ဝင်ရောက်ယှဉ်ပြိုင်ရသည့် အားကစားပွဲကြီးဖြစ်သည်မှာ မှန်သော်ငြား အားကစားသည် နိုင်ငံသားတိုင်းနှင့်သက်ဆိုင်သည့် အမျိုးသားရေးတာဝန်တစ်ရပ်ပင် ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည် ခင်ဗျာ။ ။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ကျေးသီးမြို့နယ် ဖာဆောင်ကျေးရွာ၌ ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

ကျေးသီး စက်တင်ဘာ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ ၅၀ ရာခိုင်နှုန်းဖြင့် ဝမ်ဝပ်ကျေးရွာအုပ်စု ဖာဆောင်ကျေးရွာ၌ ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို စက်တင်ဘာလ ၂၅ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးနိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ဖာဆောင်ကျေးရွာတွင် ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများ ကြည့်ရှုစစ်ဆေး၍ မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဘက်စုံသုံးခန်းမအားရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန်ဆွေးနွေးမှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ဘက်စုံသုံးခန်းမဆောင်သည် အလျားပေ ၄၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၁၈၀ စုစုပေါင်း ရန်ပုံငွေကျပ်သိန်း ၂၈၀ ကိုအသုံးပြုကာ



မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာအကူအညီဖြင့် ကျေးရွာပြည်သူကိုယ်တိုင် ယခုနှစ် မတ်လ ဒုတိယပတ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွန့်(ကျေးလက်)**

# အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာစာရင်းစစ်ချုပ်ရုံးများအဖွဲ့ (ASEANSAI)၏အသိပညာမျှဝေသည့် အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ




နေပြည်တော် စက်တင်ဘာ ၂၅

အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ (ASEANSAI)၏ အသိပညာမျှဝေမှုအစီအစဉ်အရ "စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်အကောင်အထည်ဖော်ဆောင်ရွက်မှုစစ်ဆေးခြင်းနှင့် စပ်လျဉ်းသည့် အသိပညာမျှဝေမှု အလုပ်ရုံဆွေးနွေးပွဲ"ကို မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ပတ္တမြားခန်းမ၌ Video Conference စနစ်ဖြင့် လက်ခံကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက Video Message ဖြင့် နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုဆွေးနွေးပွဲ၌ အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံစာရင်းစစ်ချုပ်ရုံးတို့ကလည်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်နှင့်စပ်လျဉ်းသည့် စစ်ဆေးမှုများအကြောင်းကို အသိပညာမျှဝေဆွေးနွေးသွားမည်ဖြစ်သဖြင့် များစွာအကျိုးရှိလိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက်မလေးရှားနိုင်ငံစာရင်းစစ်ချုပ် ASEANSAI Knowledge Sharing Committee ဥက္ကဋ္ဌ Mrs. Datuk Wan Surya Wan Mohd Radzi က Video Message ဖြင့် အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်မြဇင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြသက်မွန်တို့က စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် အကောင်အထည်ဖော်ဆောင်ရွက်မှု စစ်ဆေးခြင်းလုပ်ငန်းစဉ်များ၊ စစ်ဆေးမှုနည်းလမ်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ စာရင်းစစ်ချုပ်ရုံးမှ ကိုယ်စားလှယ်များက စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် အကောင်အထည်ဖော်မှုစစ်ဆေးခြင်းမှ အတွေ့အကြုံများကိုလည်းကောင်း၊ မလေးရှားနိုင်ငံစာရင်းစစ်ချုပ်ရုံးမှ ကိုယ်စားလှယ်များက သစ်တောစီမံခန့်ခွဲမှုနှင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက အပြန်အလှန်မေးခွန်းများ မေးမြန်းဆွေးနွေး၍ အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့ကို ရုပ်သိမ်းလိုက်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ASEANSAI အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို စက်တင်ဘာလ ၂၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

# မစ္စတာ ဆိုဖီအန် ရှာအိဗ် အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

နေပြည်တော် စက်တင်ဘာ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် မစ္စတာ ဆိုဖီအန် ရှာအိဗ် အား ဟန္နွိုင်းမြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် အယ်လ်ဂျီးရီးယားအစိုးရ၏ အဆိုပြုချက်ကို သဘောတူပြီးဖြစ်သည်။

မစ္စတာ ဆိုဖီအန် ရှာအိဗ် အား ၁၉၈၆ ခုနှစ် စက်တင်ဘာလ ၅ ရက်တွင် မွေးဖွားခဲ့ပြီး ၎င်းသည် အယ်လ်ဂျီးယားအုပ်ချုပ်မှုရေးရာအမျိုးသားကျောင်းမှ ဒီပလိုမာကိုလည်းကောင်း၊ ပြင်သစ်နိုင်ငံ ယွန်မူလင်လီယွန်တက္ကသိုလ်မှ မဟာဘွဲ့ကိုလည်းကောင်း၊ ပြင်သစ်နိုင်ငံ၊ ပြင်သစ်ပထဝီနိုင်ငံရေးကျောင်းမှ ဒေါက်တာဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။

၎င်းသည် ၂၀၀၈ ခုနှစ် ဩဂုတ်လမှ ၂၀၁၁ ခုနှစ် ဩဂုတ်လအထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဥရောပရေးရာဌာန ဌာနမှူးအဖြစ်လည်းကောင်း၊ ၂၀၁၅ ခုနှစ်ဩဂုတ်လမှ ၂၀၁၇ ခုနှစ် မေလအထိ မာဂ်ရိဘ်၊ အာဖရိကန်ရေးရာနှင့် အာရပ်နိုင်ငံများအဖွဲ့ချုပ်ရေးရာ ဝန်ကြီးရုံးအဖွဲ့ အရာရှိအဖြစ်လည်းကောင်း၊ ၂၀၁၇ ခုနှစ် ဇွန်လမှ ၂၀၁၇ ခုနှစ် ဩဂုတ်လအထိ နိုင်ငံခြားရေးဝန်ကြီးရုံးအဖွဲ့ အရာရှိအဖြစ်လည်းကောင်း၊ ၂၀၂၀ ခုနှစ် ဩဂုတ်လမှ ၂၀၂၂ ခုနှစ် မေလအထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အတွင်းရေးမှူးချုပ်ရုံးနှင့် ပြည်ပရောက်နိုင်ငံသားများရေးရာ အထူးကိုယ်စားလှယ်ရုံးတွင် အတိုင်ပင်ခံအဖြစ်လည်းကောင်း၊ ၂၀၂၂ ခုနှစ် ဇွန်လမှ နိုဝင်ဘာလအထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ညွှန်ကြားမှုဦးစီးဌာန၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေး၊ ဘဏ္ဍာရေးနှင့်ကုန်သွယ်မှုရေးရာဌာန ဒုတိယညွှန်ကြားရေးမှူးအဖြစ်နှင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၄ ခုနှစ် ဧပြီလအထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အတွင်းရေးမှူးချုပ်ရုံးနှင့် ပြည်ပရောက်နိုင်ငံသားများရေးရာဌာနတွင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း အသီးသီးတာဝန်ထမ်းဆောင်ခဲ့သည်။ ပြည်ပတာဝန် ထမ်းဆောင်မှုများအဖြစ် ၂၀၁၁ ခုနှစ် စက်တင်ဘာလမှ ၂၀၁၅ ခုနှစ် ဇူလိုင်လအထိ မော်ရိုကိုနိုင်ငံရှိ အယ်လ်ဂျီးရီးယား သံရုံးတွင် သံအရာရှိအဖြစ်လည်းကောင်း ၂၀၁၇ ခုနှစ်စက်တင်ဘာလမှ ၂၀၂၀ ခုနှစ် ဇူလိုင်လအထိ ဘယ်လ်ဂျီယံနိုင်ငံရှိ အယ်လ်ဂျီးရီးယားသံရုံးတွင် ပထမအတွင်းဝန်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၂၄ ခုနှစ်ဇူလိုင်လမှယနေ့အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

(သတင်းစဉ်)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅˚c | / | ၃၀.၈˚c |
| ရန်ကုန် | ၂၄˚c | / | ၂၉.၅˚c |
| မန္တလေး | ၂၆˚c | / | ၃၃.၅˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ရေတိုက်စားမှုကြောင့် ပျက်စီးသွားသော ကျေးရွာချင်းဆက်လမ်းများနှင့် တွင်းဆေးတွင်းမှုတ်လုပ်ငန်းများ ဒုတိယဝန်ကြီး ဦးမြင့်စိုး ကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၂၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာသို့ရောက်ရှိပြီး ရေတိုက်စားခဲ့မှုကြောင့် ပျက်စီးသွားသော ကျေးရွာအဝင်လမ်းပြတ်တောက်သွားသည့်လမ်းပိုင်း ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် လမ်းပခုံးအရှည် ပေ ၃၀၀၀ ပြုပြင်ပေးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားသည်။

ထို့နောက် ရှောက်ကုန်းကျေးရွာ သောက်သုံးရေရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လေမှုတ်စက်များဖြင့် ကိုယ်ပိုင်တွင်းတိမ်များကို တွင်းဆေးတွင်းမှုတ် ပြုလုပ်ပေးနေမှုကို ကြည့်ရှုပြီး ရှောက်ကုန်းကျေးရွာ ရွာတွင်းလမ်းမရှင်းလင်းပေးရေးနှင့် အခြေခံပညာအထက်တန်းကျောင်းခွဲ စာသင်ခန်းမများအတွင်း သန့်ရှင်းရေးဆောင်ရွက်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကာ ရှောက်ကုန်းကျေးရွာ ရေဘေးသင့်ပြည်သူများအတွက် အဝတ်အထည်များ ထောက်ပံ့ပေးအပ်၍ စိုက်ပျိုးရေးသမဝါယမအသင်းများ ဖွဲ့စည်း၍မျိုးနှင့်သွင်းအားစု ဓာတ်မြေဩဇာများ ကူညီပံ့ပိုးပေးပြီး ဆီထွက်သီးနှံ နေကြာစိုက်ပျိုးရေး ညှိနှိုင်းဆွေးနွေးသည်။

ယင်းနောက် ပုဏ္ဏမာရွာနှင့် ရွာတော်ကုန်းရွာသို့သွားသည့် ကျေးရွာအဝင်လမ်းအရှည် ပေ ၂၀၀၀ လမ်းပခုံးပြုပြင်ပေးရေး၊ ရေတိုက်စား၍ ပျက်စီးသွားသော ကျေးရွာတွင်း ကတ္တရာလမ်း ၁၅ ပေ ပြန်လည်ပြုပြင်ပေးရေးနှင့် ရွာတော်ကုန်းမှ လမ်းဟောင်းသို့ ဆက်သွယ်သောလမ်း ၄ ဖာလုံပြုပြင်ပေးရေးအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဒေသခံများနှင့်တွေ့ဆုံပြီး ဆောင်းသီးနှံစိုက်ပျိုးရေးနှင့် မြစိမ်းရောင်ရန်ပုံငွေထုတ်ပေးထားသည့် ရေဘေးသင့်ကျေးရွာများတွင် ချေးငွေအရင်းပြန်ဆပ်ရန် သင့်တော်သည့် အချိန်ကာလတစ်ခုသတ်မှတ်၍ ဖြေလျှော့ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ငွေတောင်တောရ ပရိယတ္တိစာသင်တိုက်သို့ရောက်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေ့လျားရေသန့်စင်စက်ယာဉ်တစ်စီးဖြင့် ကျောင်းဝင်းအတွင်းရှိ ရေတွင်းမှရေကို သန့်စင်၍ တပ်ကုန်းမြို့ပေါ် (၄) ရပ်ကွက်နှင့် ကျေးရွာ(၈) ရွာသို့ သောက်သုံးရေဖြန့်ဝေပေးနေမှုကိုလည်းကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက နဝင်းချောင်းတံတားချဉ်းကပ်လမ်း ၇၅ ပေ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုနှင့် ပျက်စီးသွားသော တံတားလက်ရန်းများ ပြန်လည်တပ်ဆင်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန် မှာကြား၍ မကျီးပင်ကျေးရွာနှင့် ချောင်းခွကျေးရွာတို့မှ ရေဘေးသင့်ပြည်သူများအတွက် အဝတ်အထည်များထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ချောင်းခွကျေးရွာသို့ ရောက်ရှိပြီး တွင်းဆေးတွင်းမှုတ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ချောင်းခွကျေးရွာတွင် ကိုယ်ပိုင်တွင်းတိမ် ၃၄ တွင်း ရှိသည့်အနက် ၂၈ တွင်းကိုလည်းကောင်း၊ မကျီးပင်ကျေးရွာတွင် ၉၃ တွင်းရှိသည့်အနက် ၇၈ တွင်းကိုလည်းကောင်း တွင်းဆေးတွင်းမှုတ်ဆောင်ရွက်ပေးထားပြီးဖြစ်ရာ ကျေးရွာအလိုက် ကျန်တွင်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



၂၀၂၄ ခုနှစ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

## ✥ အားကစားကဏ္ဍ တိုးတက်အောင်မြင်ခြင်းသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များကို အောင်မြင်စွာမြှင့်တင်ပေးနိုင်ခြင်းပင်ဖြစ်သောကြောင့် နိုင်ငံတော်၏လူသားအရင်းအမြစ်ကို တိုက်ရိုက်သက်ရောက်ဖွံ့ဖြိုးတိုးတက်စေသည့် အဓိကအကြောင်းရင်းခံတစ်ရပ်လည်းဖြစ်. . .

☆ **စာမျက်နှာ ၁၇ မှအဆက်**

ကာကွယ်ရေးတာဝန် ကျေပွန်သည့် တပ်မတော်သားကောင်းအဖြစ်သာမက တပ်မတော်နှင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားကောင်းများဖြစ်အောင် မလျော့သောဇွဲ၊ လုံ့လ၊ အားမာန်၊ စိတ်ဓာတ်တို့ဖြင့် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် စစ်ရေးပြမှူးကြီး ဦးဆောင်၍ အလံတော်အဖွဲ့နှင့်အတူ ပြိုင်ပွဲဝင်အသင်းများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုထွက်ခွာကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲအဖြစ် နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့်ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးကြသည်။ အဆိုပါပွဲစဉ်တွင် တစ်ဖက်နှင့်တစ်ဖက်ရလဒ်ကောင်းရရှိနိုင်ရေး အပြန်အလှန်ဖိအားပေးကစားခဲ့ကြသော်လည်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြုအသင်းက အချိတ်အဆက်မိမိ၊ ကစားကွက်မိမိဖြင့်



တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းတို့က ၂၀၂၄ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲဖွင့်ပွဲစာတန်းပါ မိုးပျံပူဖောင်းများအား ဖဲကြိုးဖြတ်၍လွှတ်တင်စဉ်။

ဘောလုံးပိုင်ဆိုင်မှုအသာစီးရယူကာ ကစားနိုင်ခဲ့သောကြောင့် ပွဲကစားချိန်မိနစ်အားလုံးပြီးဆုံးချိန်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြုအသင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းကို ၄ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိသွားသည်။

တပ်မတော်(ကြည်း၊ရေ၊လေ)အားကစားပြိုင်ပွဲတွင် ဘောလုံးပြိုင်ပွဲ၊ ကရာတေးဒိုပြိုင်ပွဲ၊ ပြေးခုန်ပစ်(ကျား/မ)ပြိုင်ပွဲ၊ မြန်မာ့သိုင်း(ကျား/မ)ပြိုင်ပွဲ၊ လက်ဝှေ့ပြိုင်ပွဲ၊ ဘော်လီဘော(ကျား/မ)ပြိုင်ပွဲ၊ ဂျူဒို(ကျား/မ)ပြိုင်ပွဲ၊ ဂေါက်သီးရိုက်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် တိုက်ကွမ်ဒိုပြိုင်ပွဲ စသည့် အားကစားပြိုင်ပွဲ ၁၀ မျိုးအား အောက်တိုဘာလ ၁၁ ရက်နေ့အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)





၂၀၂၄ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့တက်ရောက်လာကြသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော်ဘောလုံးအကယ်ဒမီကျောင်းမှသင်တန်းသားများအားတွေ့ရစဉ်။

# ကာကွယ်ရေးတာဝန်ကျေပွန်သည့် တပ်မတော်သားကောင်းအဖြစ်သာမက တပ်မတော်နှင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားကောင်းများဖြစ်အောင် မလျှော့သောဇွဲ၊ လုံ့လ၊ အားမာန်၊ စိတ်ဓာတ်တို့ဖြင့်ကြိုးစား

☆ **ရှေ့ဖုံးမှအဆက်**

အားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားၥ် အဖွင့်အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော်ဘောလုံးအကယ်ဒမီကျောင်းမှ သင်တန်းသားများ၊ ဖိတ်ကြားထားသူများနှင့်ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းအဖွဲ့က ကွင်းအတွင်း ဝင်ရောက်နေရာယူပြီး စစ်ရေးပြမှူးကြီးဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားအသင်း ၁၇ သင်းမှ အားကစားသမားများနေရာယူကြသည်။ ထို့နောက် ၂၀၂၄ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာချိန်တွင် တပ်မတော်အားကစားနှင့်ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းတို့က ဖွင့်ပွဲစာတန်းပါ မိုးပျံပူဖောင်းများအား ဖဲကြိုးဖြတ်၍ လွှတ်တင်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားသမားများ၏ အလေးပြုခြင်းကိုခံယူသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ရေးပြမှူးကြီးဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားသမားများ၏အလေးပြုခြင်းကို ခံယူစဉ်။



ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် တပ်မတော်အနေဖြင့် ယခုကဲ့သို့ အားကစားပြိုင်ပွဲများကို ကျင်းပနေခြင်းသည် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရွေးစင်အားကစားသမားများမှ နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများအဖြစ်ကို တက်လှမ်းနိုင်စေရန်ရည်ရွယ်ကျင်းပနေခြင်းဖြစ်သကဲ့သို့ မျိုးဆက်သစ် လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန် ရည်ရွယ်မွေးထုတ်ပေးနေခြင်းလည်းဖြစ်ကြောင်း။

အားကစားဟူသည်မှာ ခွန်အားနှင့်ဉာဏ်ရည်ကိုအသုံးပြုပြီး လှုပ်ရှားဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အားကစားလုပ်ဆောင်ခြင်းကြောင့် လူတစ်ယောက်၏ ခန္ဓာကိုယ်အစိတ်အပိုင်းအသီးသီးကို ကြံ့ခိုင်

✣ **တပ်မတော်အနေဖြင့် ယခုကဲ့သို့ အားကစားပြိုင်ပွဲများကိုကျင်းပနေခြင်းသည် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရွေးစင်အားကစားသမားများမှ နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများအဖြစ်ကို တက်လှမ်းနိုင်စေရန်ရည်ရွယ်ကျင်းပနေခြင်းဖြစ်သကဲ့သို့ မျိုးဆက်သစ်လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန် ရည်ရွယ်မွေးထုတ်ပေးနေခြင်းလည်းဖြစ်. . .**

✣ **တပ်မတော်အနေဖြင့် တပ်မတော်အားကစားနှင့်ကာယပညာအုပ်ချုပ်ရေးအဖွဲ့နှင့် တပ်မတော်အားကစားကော်မတီတို့ကို ဖွဲ့စည်းပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အရည်အသွေးမြင့် တပ်မတော်သားအားကစားသမားများမွေးထုတ်ပေးလျက်ရှိ. . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အခမ်းအနားတက်ရောက်လာကြသူများက နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြုအသင်းတို့ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

အလိုက်သတ်မှတ်ပြိုင်ပွဲများကို ကျင်းပခဲ့သောကြောင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများအတွက် သွေးသစ်လောင်းနိုင်သည့် အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွက်နေခြင်းလည်း ဖြစ်ကြောင်း။

အားကစားကဏ္ဍ တိုးတက်အောင်မြင်ခြင်းသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များကို အောင်မြင်စွာ မြှင့်တင်ပေးနိုင်ခြင်းပင်ဖြစ်သောကြောင့် နိုင်ငံတော်၏လူသားအရင်းအမြစ်ကို တိုက်ရိုက်သက်ရောက် ဖွံ့ဖြိုးတိုးတက်စေသည့် အဓိကအကြောင်းရင်းခံတစ်ရပ်လည်းဖြစ်ကြောင်း၊ တပ်မတော်သားအားကစားသမားများသည် နိုင်ငံတကာ အားကစားပြိုင်ပွဲများနှင့် ဒေသတွင်းပြိုင်ပွဲများတွင် အဆင့်အတန်းပြည့်မီစွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ကြသည့်အပြင် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် ဆုတံဆိပ်အသီးသီး ဆွတ်ခူးရရှိနေကြသည်ကိုလည်း တွေ့ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်ထမ်းဆောင်ရာ၌ ကြံ့ခိုင်သန်စွမ်းမှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် စိတ်ဓာတ်ထက်သန်ပြင်းပြမှုတို့ လိုအပ်ကြောင်း၊ အချင်းချင်း စည်းစည်းလုံးလုံး၊ အပြန်အလှန်နားလည်မှုရှိသည့် အဖွဲ့အစည်းစိတ်ဓာတ်နှင့် စုပေါင်းဖေးကူဆောင်ရွက်နိုင်စွမ်းရှိရန်လည်း မဖြစ်မနေလိုအပ်ကြောင်း၊ တပ်မတော်သား တပ်ဖွဲ့ဝင်အဆင့်အတန်းတိုင်းသည် နိုင်ငံ့လိုအပ်ချက်အရ တစ်ဦးချင်း၊ တစ်ယောက်ချင်းစီတိုင်း အပေါ် ကျရောက်လာသည့် နိုင်ငံ့တာဝန်သန်စွမ်းစေရုံမက စိတ်ဓာတ်ပိုင်းဆိုင်ရာကိုပါ ကြံ့ခိုင်ဖွံ့ဖြိုးစေကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှုနှုန်း မြင့်မားချိန်ကာလမှအပ နှစ်စဉ်ပုံမှန်ကျင်းပပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကျင်းပသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲတွင် မိမိတို့တပ်မတော်သားများ၏ တစ်ဦးချင်းအပြင် အဖွဲ့လိုက်ယှဉ်ပြိုင်ရသည့် အားကစားနည်း(၁၀)မျိုးကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့နှင့် တပ်မတော်အားကစားကော်မတီတို့ကိုဖွဲ့စည်းပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့်အရည်အသွေးမြင့် တပ်မတော်သားအားကစားသမားများ မွေးထုတ်ပေးလျက်ရှိကြောင်း၊ ထို့ပြင် နှစ်စဉ်အားကစားပြက္ခဒိန်ကိုရေးဆွဲထားရှိပြီး တိုင်းစစ်ဌာနချုပ်များ



မှန်သမျှကို အပြည့်အဝဆုံးသောခွန်အား၊ အထက်မြက်ဆုံးသော စွမ်းဆောင်ရည်များဖြင့် ကျေပွန်အောင်မြင်အောင် ထမ်းဆောင်သွားနိုင်ရန်လိုကြောင်း။

ယခုကျင်းပပြုလုပ်သည့် အားကစားပြိုင်ပွဲသည်လည်း နိုင်ငံတော်ကချမှတ်ထားသော လူမှုရေး ဦးတည်ချက်တစ်ရပ်ဖြစ်သည့် **"တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး"** ဟူသည့်အချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းလည်းဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲတွင် မိမိတို့တိုင်းစစ်ဌာနချုပ်၏ဂုဏ်ကို ဆောင်နိုင်သူ အားကစားသမားဖြစ်ရမည် ဟူသည့် ရည်မှန်းချက်ထား ယှဉ်ပြိုင်သွားကြရန်၊ ရှိပြီးဖြစ်သည့် ကာယ၊ ဉာဏစွမ်းအားများကို ရေကုန်ရေခန်းထုတ်ဖော်ပြသပြီး တပ်မတော်ဂုဏ်ဆောင်အဆင့်မှ နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့်အဆင့်ထိရောက်အောင် ကြိုးပမ်းသွားကြရန်၊

**စာမျက်နှာ ၁၅ သို့** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စစ်ရေးပြမှူးကြီးဦးဆောင်၍ အလံတော်အဖွဲ့နှင့်အတူ ပြိုင်ပွဲဝင်အသင်းများက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုထွက်ခွာစဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# 2024 Tatmadaw (Army, Navy and Air) Sports Competition kicks off

## Achievements in sports sector successfully uplift physical and mental capabilities of citizens





Senior General Min Aung Hlaing speaks at the opening of the 2024 Tatmadaw (Army, Navy and Air) Sports Competition.

NAY PYI TAW September 25

Achievements in sports sector can uplift physical and mental capabilities of citizens and directly develop human resources, said Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing at the opening speech at the ceremony to kick off the 2024 Tatmadaw (Army, Navy and Air) Sports Competition at Zeyathiri Tatmadaw Sports Ground in Nay Pyi Taw this afternoon.

Also present at the ceremony were Daw Kyu Kyu Hla, wife of the Senior General, Vice Chairman of SAC Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and his wife Daw Than Than Nwe, Council member Chief of the General Staff (Army, Navy and Air) General Maung Maung Aye and his wife, Union-level dignitaries, Union ministers and their wives, senior military officers from the Office of the Commander-in-Chief and their wives, the commander of Nay Pyi Taw Command, officers, other ranks and families of the offices and departments under the Office of Commander-in-Chief (Army, Navy and Air), senior military officer trainees of National Defence College, officers, other ranks and families from regiments and units under Nay Pyi Taw Command, trainees from Tatmadaw Football Academy, invited guests and athletes.

The military band of Tatmadaw (Army, Navy and Air) took the position in the sports ground. The flag bearer and 17 sports teams led by the parade commander also took the positions. At a time when the sports competition was opened, Chairman of the Tatmadaw Sports and Physical Education Administration Board Adjutant-General Lt-Gen Soe Min Oo and Commander of Nay Pyi Taw Command Maj-Gen Soe Min released the balloons bearing the opening banner.

The Senior General took the salute of the flag bearer and athletes led by the parade commander.

Speaking on the occasion, the Senior General said that the sports competitions held by the Tatmadaw aims to select national selected athletes from the selected players from Tatmadaw (Army, Navy and Air) teams, and turn out new generation athletes continuously.

Sports must be done with physical strength and mental capability. Taking sports exercises can help strengthen body organs of individuals and improve mental capacity. Hence, Tatmadaw holds the Tatmadaw (Army, Navy and Air) sports competitions yearly except the period on breakout of COVID-19. This year's competition comprises 10 sports event for teamworks in addition to individual events.

Tatmadaw has formed the Tatmadaw Sports and Physical Education Administration Board and the Tatmadaw Sports Committee to turn out highly qualified Tatmadaw athletes to bring honour to the State. The annual sports calander has been schemed to hold sports games in relevant military commands so as to emerge new generation atheletes for the Tatmadaw (Army, Navy and Air) Sports competitions.

As achievements in the sports sector successfully uplift physical



Spectators watching the football match between Nay Pyi Taw Command team and the Office of the Commander-in-Chief (Army) team.

See Page - 21 ►►

# More than 2,000 pilgrims pay visit to Kyaikhtiyo Pagoda in August



KYAIKHTO September 25

A total of 1,700 local travellers and some 300 foreign travellers visited Kyaikhtiyo Pagoda in Kyaikhto Township of Mon State in August 2024, according to U Soe Hla, Chairman of the Pagoda Board of Trustees.

Visits of travellers started at Kyaikhtiyo Pagoda in November every year. At present, some 20 hilly trucks are running onto the pagoda for transport of pilgrims to the pagoda daily. Hotels and lodges as well as free resthouses and restaurants are operational.

U Soe Hla remarked: "Most of foreign travellers come from Thailand. In early September, some 100 local and foreign travellers visit the pagoda on a daily basis. The Buddha Pujaniya festival of the pagoda will commence on Thadingyut fullmoon day and end on Kason fullmoon day. Despite finishing the festival period, pilgrims pay visits to the pagoda."

During the seven-month period from October 2023 to May 2024, more than 720,000 local and foreign travellers visited the pagoda. Tourists from Thailand and Vietnam set the highest records to the pagoda.

The pagoda is open daily without holidays.

**SMK**

# 8,000 acres of croplands placed under sunflower in Mawlaik District



MAWLAIK September 25

Mawlaik District Agriculture Department stated that Mawlaik District of Sagaing Region earmarked cultivation of 8,000 acres of sunflower in coming cold season.

With regard to the cultivation plan, Mawlaik Township will grow 5,564 acres of sunflower and Phaungpyin Township 2,436 acres, totalling 8,000 acres in 2024-2025 cold season.

Daw Kywe Kywe Hlaing, Head of Mawlaik District Agriculture Department said: "This cold season, we will grow 8,000 acres of sunflower in the district. We will strive for meeting the target cultivation. It aims to reduce import of palm oil from abroad by expanding sown acreage of sunflower. Yield of oil from sunflower is larger than groundnut and sesame. Local farmers prefer to grow sunflower in cold season."

Relevant agriculture departments will conduct training courses for enhancement of capacity of local farmers and departmental staff in Mawlaik District to grow sunflower on the expanded sown acreage.

This year, relevant agriculture departments from Mawlaik District will provide quality strains of sunflower seeds to local farmers with sale of urea fertilizers at fair prices. Moreover, a plan is underway to exchange quality strains of sunflower seeds among local farmers.

**SK**

# ChaungU Township finishes cultivation of pigeon pea on more than 20,000 acres of croplands

CHAUNGU September 25

ChaungU Township of Sagaing Region has planted 20,200 acres of pigeon pea, according to the township Agriculture Department.

In 2024-2025 monsoon season, farmers from ChaungU Township have planted 20,200 acres of pigeon pea against the target of 20,300 acres.

Daw Khin Myat Myat Oo, Head of ChaungU Township Agriculture Department explained: "This monsoon, ChaungU Township earmarked cultivation of 20,300 acres of pigeon pea but local farmers planted 20,200 acres. They are trying to meet the target cultivation. Our department helps local farmers increase per-acre yield of crop. Local farmers grow pigeon pea as a separate crop and in double and mixed cropping process."

This year, Township Agriculture Department raises farmers' awareness for selecting quality strains of crops, using agricultural techniques, prevention of pests and boosting per-acre yield of crops.

Moreover, officials of ChaungU Township Agriculture Department train local farmers make techniques of pesticides to prevent pests and to cut agricultural costs.

**SMK**

# More than 11,000 acres of vegetables planted in Yinmabin District

YINMABIN September 25

Statistics of Yinmabin District Agriculture Department stated that a total of 11,970 acres of croplands have been placed under vegetable plants in Yinmabin District of Sagaing Region this monsoon.

In 2024-2025 monsoon season, the district earmarked 19,698 acres of vegetables but local farmers planted 11,970 acres of crops, starting from May this year.

Daw Myat Moe Win, Head of the district agriculture department stated: "This monsoon, local farmers have planted more than 11,000 acres of monsoon vegetable plants against the target of over 19,000 acres. They grow mustard, spicy, chilli, potato, cabbage, eggplant and cauliflowers called Chinese cabbage. We urged those farmers to use GAP system in growing all species of vegetables and produce the vegetables with least chemical residue."

In the district, Yinmabin Township grew 2,710 acres of vegetables, Kani Township 5,430 acres, Salingyi Township 2,490 acres and Pale Township 1,340 acres, totalling 11,970 acres.

This year, Yinmabin Township planned to grow 6,027 acres of vegetables, Kani Township 6,550 acres, Salingyi Township 5,567 acres and Pale Township 1,554 acres, totalling 19,690.

Staff of Yinmabin District Agriculture Department conducted training courses for enhancement of capacity of farmers and agricultural staff, urging local farmers to produce healthy vegetables and expanding sown acreage of crops.

Seasonal vegetable crops are thriving in Yinmabin District at present, and it helps increase incomes of families of farmers. Officials of relevant township agriculture departments train local farmers to use correct agricultural techniques, prevention of pests, and making natural fertilizers and pesticides to cut costs.

**SK**

# Chinese-built geothermal power plant boosts Kenya's clean energy switch



BEIJING September 25

Operations manager Fang Wenjun (R) from Chinese firm Kaishan Group record statistics of sensors at the Sosian Menengai 35 MW Geothermal Power Plant in Nakuru county, Kenya, September 9, 2024.

Kenya's economic growth has been accompanied by a steady rise in electricity demand, making the exploration of greener and cheaper power sources a necessity.

In Nakuru, the Sosian Menengai 35 MW Menengai Geothermal Power Plant, constructed by Chinese firm Kaishan Group, started electricity supply since June 2023, boosting Kenya's clean energy switch.

**Xinhua**

# Indonesia seeks to strengthen trade relation with China through business summit

JAKARTA September 25

Indonesia is looking to strengthen trade partnership with China by marketing its domestic commodities that have potential beneficiaries to be exported, such as its palm oil products and resources to develop electric vehicle (EV) battery industry.

During the 2024 China-ASEAN Expo and China-ASEAN Business and Investment Summit held in China's Guangxi province on September 24-28, Indonesia opened two pavilions where it showcased a number of domestic products.

"China has become a major trading partner that plays an important role in the economic development of the region, and Indonesia is committed to continuing to strengthen our mutually beneficial relationship, especially in the trade and investment sectors," Director General of National Export Development of the country's Ministry of Trade Mardyana Listyowati said on Tuesday as quoted by local media.

She said that palm oil products came up as Indonesia's strategic and superior commodities to expand the export market to China. As the world's largest palm oil producer, Indonesia has targeted to produce more than 50 million tons of palm oil yearly by 2025.

In the summit, Indonesia also included Wuling Motors Indonesia to be placed in the ASEAN High-Tech Gallery as an attempt to spur the development of the EV ecosystem. She expected that Wuling Indonesia would help strengthen Indonesia's position in the global automotive industry map, especially in the EV industry.

"We have high hopes that in the future there will be an improvement in relations between Indonesia and China for the sake of the welfare of the people in the two countries," she said.

**Xinhua**

# Chinese military launches ballistic missile into Pacific Ocean – Defence Ministry



BEIJING September 25

The Chinese armed forces rocket force launched an intercontinental ballistic missile carrying a dummy warhead to the high seas in the Pacific Ocean on Wednesday morning as a part of the annual exercises, the Chinese Defence Ministry said.

"This launch was carried out as part of the annual training plan, it is in accordance with international law and international practice, it is not directed against any particular country or target," the ministry said in a statement on WeChat.

According to the China Central Television (CCTV), the missile fell into planned sea area.

The launch was part of the annual missile exercises. Prior to the launch, China had notified relevant countries. **Sputnik**

# UK, Spain urge citizens to leave Lebanon

MOSCOW September 25

The UK government has urged its citizens to leave Lebanon immediately and also announced that it will send about 700 servicepeople to Cyprus in the coming hours in case of emergency evacuation.

"British nationals should leave Lebanon immediately, Ministers have warned, as the Government bolsters its presence in the region. Around 700 UK troops will move to Cyprus in the coming hours, as the Government continues to prepare its contingency plans following significant escalation between Israel and Lebanon in recent days," the government said in a statement on Tuesday.

The ministry added that the UK air forces will also be on standby in case support is needed. The Spanish government has prepared a plan to evacuate its citizens from Lebanon, Spanish Foreign Minister Jose Manuel Albares said.

"It [evacuation plan] has been prepared. But I also do not want to cause alarm. At the moment, this plan is not activated, but everything is perfectly prepared and ready to evacuate our citizens," Albares said in an interview with laSexta broadcaster on Tuesday.

Albarez also noted that the ministry has already updated its travel recommendations and does not recommend visiting Lebanon under any circumstances. **Sputnik**

# Palestinian death toll in Gaza rises to 41,495: health authorities

GAZA September 25

The Palestinian death toll from ongoing Israeli attacks on the Gaza Strip has risen to 41,495, according to Gaza-based health authorities in a statement on Wednesday.

In the past 24 hours, the Israeli military killed 28 people and wounded 85 others, bringing the total number of injuries to 96,006 since the conflict erupted in early October 2023.

In a separate statement, the health authorities reported receiving about 88 unidentified bodies from the Israeli side, adding the Israeli side did not provide any information about their identities, the locations where they were recovered, or the time of death.

The authorities have suspended procedures for receiving the bodies until complete data is available to identify the deceased and notify their families, as this is considered a fundamental right, the statement added.

Israel launched a large-scale offensive against Hamas in Gaza in retaliation for a Hamas attack through the southern Israeli border on October 7, 2023, which resulted in approximately 1,200 deaths and around 250 hostages taken.

**Xinhua**





Senior General Min Aung Hlaing and wife Daw Kyu Kyu Hla watch the football match between Nay Pyi Taw Command team and the Office of the Commander-in-Chief (Army) team.

►► From Page - 18

and mental capabilities of citizens and it is a root cause to directly develop human resources of the State. Tatmadaw athletes could compete in the international sports competitions and regional ones with high qualification and secured medals for bringing honour to the State.

It is necessary to forge strengthening, perseverence, industry and diligence in serving the defence duty of the State. Individuals have to forge unity and bilateral trusts among them through the teamwork spirit. All different levels of Tatmadaw members have to dutifully serve assigned duties with full strengths and capacity due to demand of the State.

This sports competition is implementing a social objective adopted by the State: **to enhance health sector and sports sector which are all-inclusive for ensuring longevity, health and fitness of the entire pople.** Hence, athletes need to compete in the games for uplifting prestige of their military commands. By showing off, they have to pour out physical and mental strengths to be the persons who can bring honour to the State from the Tatmadaw. They all have to strive to become good athletes with perseverence, industry and sporting spirit to be able to uplift the prestige of the Tatmadaw and the State while nurturning themselves to be dutiful individuals in serving the defence duty of the State.

The parade commander and athlees saluted the Senior General and left the ground.

The Senior General and party watched the match between Nay Pyi Taw Command team and the Office of the Commander-in-Chief (Army) team in the second round stage of the Defence Services Commander-in-Chief's Trophy Football Tournament. At the match, both teams posed pressures on each other but the office of the Commander-in-Chief (Army) could create linkages among its players to control the football. After final whistle, the Office of the Commander-in-Chief (Army) team threshed Nay Pyi Taw Command team 4-1.

The sports competition consists of football, Karatedo, men's and women's track & field, men's and women's Myanmar martial arts, boxing, men's and women's volleyball, men's and women's judo, golf, Sepak Takraw and Taekwondo events which will last till 11 October. **100**

# Kyaukmyaung finishes cultivation of pigeon pea on more than 6,000 acres of croplands

KYAUKMYAUNG September 25

According to the statistics of Kyaukmyaung Sub-Township of Shwebo Township in Sagaing Region, local farmers have planted 6,005 acres of pigeon pea this monsoon.

Although local farmers earmarked 5,850 acres of pigeon pea in Kyaukmyaung this monsoon, local farmers exceeded their cultivation of pigeon pea on 6,005 acres.

Daw Khin Win, Head of Kyaukmyaung Sub-Township Agriculture Department said: "We have earmarked more than 5,000 acres of pigeon pea this monsoon but local farmers exceeded target cultivation with more than 6,000 acres of pea. Our department helps local farmers boost per-acre yield of crops. Local farmers grow pigeon pea as separate crop as well as mixed crop."

This year, township officials urge local farmers to use quality strains of crops and agricultural techniques with prevention of pests for boosting per-acre yield.

Agricultural staff train local farmers on techniques of making folio fertilizer and pesticides to cut agricultural cost. **SMK**

# KhinU Township farmers cultivate 5,831 acres of rain-fed maize and millets

KHINU September 25

A total of 5,831 acres of maize and millets have been planted during this year's rain crops planting season in KhinU Township, Shwebo District, Sagaing Region, according to statistics from the Department of Agriculture for KhinU Township.

During the 2024-2025 rain crops planting season, KhinU Township has planned to plant 1,005 acres of maize and 5,491 acres of millets. Since June this year, 188 acres of maize and 5,643 acres of millets have been planted, totaling 5,831 acres.

"We are providing awareness for the success of corn crops, and providing awareness to prevent the spread of pests," said U Nay Win Naing, head of the Department of Agriculture for KhinU Township.

In KhinU Township, in the cultivation of maize and millets, more than 50 baskets of maize are produced per acre, and the cost of planting one acre of maize is Ks-500,000. A total of 15,000 corn ears of millets are produced per acre, and the cost of planting one acre is over Ks-500,000.

**SK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# HEALTH

## ပညာရှင်များက အသည်းရောင်စီပိုးကူးစက်မှုအတွက် ကာကွယ်ဆေးထုတ်လုပ်နိုင်တော့မည်

အသည်းရောင်စီပိုးက ကလာပ်စည်းများကို မည်ကဲ့သို့ကူးစက်သည်နှင့် ပတ်သက်၍သိပ္ပံပညာရှင်များကဖော်ထုတ်နိုင်ပြီဖြစ်သောကြောင့် အဆိုပါပိုးကူးစက်မှုအတွက် ကာကွယ်ဆေးထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိကမ္ဘာတစ်ဝန်းတွင် အသည်းရောင်စီပိုးကူးစက်ခံထားရသူ ၅၈ သန်းမျှရှိကြောင်းနှင့်ထိုရောဂါပိုးကြောင့် နှစ်စဉ်သေဆုံးသူသုံးသိန်းခန့်ရှိကြောင်း ပညာရှင်များကပြောသည်။

ထို့ပြင် လတ်တလောတွင် အသုံးပြုနေသည့် ကုသမှုများမှာလည်း ကမ္ဘာတစ်ဝန်းတွင် အသည်းရောင်စီပိုးဖြစ်ပွားမှုကို ဟန့်တားနိုင်ခြင်းမရှိသောကြောင့် ပညာရှင်များက ထိရောက်မှုရှိသည့်နည်းလမ်းကို ရှာဖွေလာကြခြင်းဖြစ်သည်။


အစောပိုင်းတွင် ရောဂါပိုးကို ကလာပ်စည်းများအတွင်းဝင်ခွင့်ပြုသည့် ပရိုတင်းရှုပ်ထွေးမှုကို ကောင်းစွာနားမလည်သောကြောင့် ဆေးဝါးထုတ်လုပ်ရေးကို နှောင့်နှေးမှုများဖြစ်ပေါ်စေသည်။

ယခုအခါ ကိုပင်ဟေဂင်တက္ကသိုလ်မှ သုတေသနပညာရှင်များက ရောဂါပိုး၏ မျက်နှာပြင်ရှိ ပရိုတင်းအကြောင်း ကောင်းစွာနားလည်သွားပြီဖြစ်ကြောင်း၊ ၎င်း၏ အလုပ်လုပ်ပုံမှာ ကိုရိုနာဗိုင်းရပ်ရှိ စပိုက်ပရိုတင်း၏ အလုပ်လုပ်ပုံနှင့်အတူတူပင်ဖြစ်ကြောင်း ဦးဆောင်သုတေသီဂျန်းနစ်ပရန်တိုကပြောသည်။

ထိုသို့သောအခြေအနေကိုနားလည်ပြီဖြစ်သောကြောင့် ထိရောက်မှုရှိသောကာကွယ်ဆေးကို ထုတ်လုပ်နိုင်တော့မည်ဖြစ်သည်ဟု သုတေသီများကပြောသည်။

**Ref: STD**

**K.H**



## ကုထုံးတစ်မျိုးက မျှော်မှန်းလူ့သက်တမ်းကို ၂၅ ရာခိုင်နှုန်းပိုရှည်စေနိုင်


သက်ကြီးရွယ်အိုဦးရေ များပြားလာသည်နှင့်အမျှ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးအရစိန်ခေါ်မှုများလည်း မြင့်တက်လာမည့်အခြေအနေရှိနေစဉ် ပညာရှင်များက အိုမင်းမှုနှေးကွေးစေပြီး လူ့သက်တမ်းရှည်စေမည့်ကုထုံးတစ်မျိုးကို ဖော်ထုတ်လိုက်နိုင်ကြောင်းသိရသည်။

စင်ကာပူရှိ Duke-NUS ဆေးကျောင်းမှပညာရှင်များက ပရိုတင်းတစ်မျိုးဖြစ်သည့် interleukin-11 (IL11) သည် အိုမင်းမှုကိုအားပေးကြောင်း ဖော်ထုတ်နိုင်ပြီးနောက် ထိုပရိုတင်းကိုဆန့်ကျင်သည့်ကုထုံးတစ်မျိုးက အိုမင်းမှုကိုနှေးကွေးစေသည်သာမက လူ့သက်တမ်းကိုလည်း ပိုရှည်စေနိုင်ကြောင်း တွေ့ရှိလိုက်ခြင်းဖြစ်သည်။

သုတေသနပြုမှုများအရ ခန္ဓာကိုယ်က အိုမင်းလာသည်နှင့် ကိုယ်တွင်းအင်္ဂါများတွင် IL11 ပရိုတင်းများမြင့်တက်လာပြီး အသည်းနှင့်ဝမ်းဗိုက်တို့တွင် အဆီများစုပုံလာစေကာ ကြွက်သားများကိုလျော့ရဲလာစေခြင်းဖြစ်သည်ကိုတွေ့ရသည်။

ထို့နောက် IL11 ပရိုတင်းကိုဆန့်ကျင်သည့်ကုထုံးဖြင့်စမ်းသပ်မှုလုပ်ရာ ကိုယ်တွင်းဇီဝဖြစ်စဉ်တိုးတက်မှုနှင့်အတူ လူ့သက်တမ်းကို ၂၅ ရာခိုင်နှုန်းပို၍ရှည်စေကြောင်းတွေ့ရခြင်းဖြစ်သည်။ **Ref: STD**

**K.H**



# ENERGY

## တရုတ်ပညာရှင်များ ကြာရွက်မှလျှပ်စစ်ဓာတ်အားစဉ်ဆက်မပြတ်ထုတ်ယူနိုင်



တရုတ်နိုင်ငံမှ သိပ္ပံပညာရှင်များသည် ကြာရွက်မှလျှပ်စစ်ဓာတ်အားကို စဉ်ဆက်မပြတ်ထုတ်ယူလိုက်နိုင်သည်။ အထူးသဖြင့် အပင်များမှရေကိုပြန်လည်စွန့်ထုတ်သည့်နည်းလမ်းကိုအသုံးပြုခြင်းအားဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူသည့်နည်းကို ရှာဖွေတွေ့ရှိသွားခြင်းဖြစ်သည်။


အဆိုပါနည်းလမ်းကြောင့် ကမ္ဘာပေါ်ရှိ အပင်များမှအရွက်များအားလုံးလိုလိုကို ရေရှည်တည်တံ့မှုရှိသည့် စဉ်ဆက်မပြတ်လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအရင်းအမြစ်များအဖြစ် ပြောင်းလဲနိုင်စေမည်ဖြစ်သည်။

သိပ္ပံပညာရှင်များ၏ စမ်းသပ်သရုပ်ပြသမှုတွင် ကြာရွက်မှနေ၍လျှပ်စစ်ဓာတ်အားထုတ်ယူကာ လျှပ်စစ်ပစ္စည်းအသေးစားများကိုအားသွင်းပြနိုင်ပြီး ထိုထက်ပို၍ ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီး လျှပ်စစ်စွမ်းအားကွန်ရက်ကို ထူထောင်နိုင်စေမည်ဖြစ်သည်။

အပင်များမှရေကိုပြန်လည်စွန့်ထုတ်သည့်နည်းလမ်းမှာ အပင်၏အမြစ်များက ရေကိုစုပ်ယူပြီး ပိုသောရေများကို အရွက်များ သို့မဟုတ် ပန်းများမှတစ်ဆင့် ရေငွေ့အဖြစ်ပြန်လည်စွန့်ထုတ်ခြင်းဖြစ်သည်။ ထိုနည်းဖြင့် တစ်ကမ္ဘာလုံးရှိအပင်များမှ လျှပ်စစ်ဓာတ်အားထုတ်ယူပါက တစ်နှစ်လျှင် တီရာဝပ်နာရီပေါင်း ၆၇ ဒသမ ၅ နာရီစာရရှိမည်ဖြစ်သည်။ **Ref: SCMP**

**K.H**

## အမေရိကန်က စစ်မြေပြင်အတွက် ရွှေ့လျားဓာတ်ပေါင်းဖိုများတည်ဆောက်



အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ရှေ့တန်းစစ်မြေပြင်များတွင် လျှပ်စစ်ဓာတ်အားရရှိနိုင်စေရေးအတွက် စတုတ္ထမျိုးဆက် ရွေ့လျားနျူကလီးယားဓာတ်ပေါင်းဖိုများကို စတင်တည်ဆောက်နေပြီဖြစ်ကြောင်းသိရသည်။

ထိုဓာတ်ပေါင်းဖိုများ နောက်ဆုံးတပ်ဆင်မှုကို ၂၀၂၆ ခုနှစ်တွင်စတင်မည်ဖြစ်ပြီး ယင်းဓာတ်ပေါင်းဖိုများကို ပေ ၂၀ ကွန်တိန်နာများဖြင့်ပင် အလွယ်တကူပို့ဆောင်နိုင်မည်ဖြစ်သည်။

အနာဂတ်စစ်မြေပြင်များတွင် လျှပ်စစ်ဓာတ်အားသည် မရှိမဖြစ်အရေးပါသောအရာဖြစ်လာမည်ဟု ကာကွယ်ရေးသိပ္ပံဘုတ်အဖွဲ့က ၂၀၁၆ ခုနှစ်တွင် သတ်မှတ်ခဲ့ပြီးနောက် ယခုဓာတ်ပေါင်းဖိုကို ထုတ်လုပ်ရန်စီစဉ်လာခြင်းဖြစ်သည်။

အဆိုပါဓာတ်ပေါင်းဖိုသည် သုံးနှစ်အထိ လောင်စာပြန်ဖြည့်ရန်မလိုဘဲ လျှပ်စစ်ဓာတ်အားတစ်မဂ္ဂါဝပ်မှ ငါးမဂ္ဂါဝပ်အထိ ထုတ်ပေးနိုင်မည်ဖြစ်သည်။ **Ref: IE**

**K.H**

## ဒြပ်ထုမဲ့ဘက်ထရီနည်းပညာ EV များ၏ခရီးကို ၇၀ ရာခိုင်နှုန်းတိုးစေမည်



ချာမာတက္ကသိုလ်မှ သုတေသနပညာရှင်များတီထွင်လိုက်သော ဒြပ်ထုမဲ့ဘက်ထရီနည်းပညာသည် EV ကားများရောက်ရှိနိုင်သည့်ခရီးအကွာအဝေးကို ၇၀ ရာခိုင်နှုန်းတိုးစေမည်ဖြစ်ကြောင်းသိရသည်။

သုတေသီများသည် ၎င်းတို့တီထွင်ဖန်တီးထားသည့် ဒြပ်ထုမဲ့ဘက်ထရီကို လပ်တော့တွင်ထည့်သွင်းအသုံးပြုရာတွင် ထိုလပ်တော့၏အလေးချိန်ကို ထက်ဝက်ခန့်လျှော့ချနိုင်သည်သာမက မိုဘိုင်းဖုန်းများတွင်ထည့်သွင်းအသုံးပြုပါက ဖုန်းများ၏ အထူမှာ ခရက်ဒစ်ကတ်လောက်သာရှိစေမည်ဖြစ်ကြောင်းတွေ့ရသည်။

ထိုဘက်ထရီကို ကာဗွန်ဖိုင်ဘာကွန်ပို့စစ်ဖြင့်ဖန်တီးထားခြင်းဖြစ်ပြီး ၎င်းသည် အလူမီနီယံကဲ့သို့ တောင့်တင်းခိုင်မာမှုရှိကာ စွမ်းအင်သိုပ်သည်းဆမှာလည်း စီးပွားဖြစ်အသုံးပြုရန်လုံလောက်မှုရှိကြောင်းနှင့် အခြားလုပ်ဆောင်ချက်များစွာ ပါဝင်သေးကြောင်း သုတေသီများကပြောသည်။

**Ref: STD**

**K.H**

# ကမ္ဘာကြီးက ယမ်းအိုးကြီးဖြစ်လာရန်နီးနေပြီဟု ကုလသမဂ္ဂအကြီးအကဲပြော

**နယူးယောက်၊ နိုင်ငံရေး**

လက်ရှိဖြစ်နေသော ကမ္ဘာ့နိုင်ငံရေးအခြေအနေများကြောင့် ကမ္ဘာကြီးသည် ယမ်းအိုးကြီးဖြစ်လာရန်နီးနေပြီဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတားရက်က အထွေထွေညီလာခံမိန့်ခွန်းတွင်ပြောသည်။

ထို့ပြင် ကမ္ဘာ့နိုင်ငံများအနေဖြင့် မကြုံစဖူးကြုံဆုံနေရသည့် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေးအတွက် အဖြေများကိုရှာဖွေရမည်ဖြစ်ကြောင်း အတွင်းရေးမှူးချုပ်က စက်တင်ဘာလ ၂၄ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံ၌ပြောသည်။

ကမ္ဘာပေါ်တွင် ပိုမိုနက်ရှိုင်းသည့်ပထဝီနိုင်ငံရေးအရကွဲလွဲမှုများ၊ ကမ္ဘာ့အပူချိန်မြင့်တက်မှုများ၊ ပြီးဆုံးတော့မည့်အရိပ်အယောင်မရှိသောစစ်ပွဲများ၊ လက်နက်အသစ်အဆန်းများ၏အန္တရာယ်များသည် ကမ္ဘာကြီးအပေါ် အရိပ်မည်းအဖြစ်စိုးမိုးနေကြောင်း ၎င်းကထောက်ပြသည်။

လက်ရှိကမ္ဘာ့အခြေအနေသည် ဆက်လက်မထိန်းထားနိုင်တော့သည့်အခြေအနေရောက်နေပြီဖြစ်ကြောင်း၊ သို့သော် ထိုစိန်ခေါ်မှုများအားလုံးကို ဖြေရှင်းနိုင်ဆဲဖြစ်ကြောင်း၊ ထို့အတွက် ကမ္ဘာ့နိုင်ငံများက ပြဿနာများကို အမှန်တကယ်ဖြေရှင်းနိုင်မည့်နည်းလမ်းများ ရှာဖွေဖော်ထုတ်ရမည်ဖြစ်ကြောင်း အန်တိုနီယိုဂူတားရက်က အလေးပေးပြောသည်။

ထို့အတူ ကမ္ဘာ့ခေါင်းဆောင်များအနေဖြင့် မဖြစ်မနေကိုင်တွယ်ရမည့်အရာများမှာ အပြစ်ကျူးလွန်ပြီးအပြစ်ပေးမခံရမှု၊ မမျှတမှုနှင့် မသေချာမရေရာမှုတို့ပင်ဖြစ်ကြောင်း၊ ထိုအချက်သုံးချက်သည် တစ်ခုနှင့်တစ်ခုဆက်စပ်နေကာ လက်ရှိတွင် ပြိုလဲနေပြီဖြစ်ကြောင်းနှင့် နိုင်ငံများအနေဖြင့်လက်ချင်းတွဲ၍ ကမ္ဘာကိုထိန်းကျောင်းရန်လိုအပ်ကြောင်း ၎င်းကပြောထားသည်ဟုသိရသည်။ **Ref: RT**



# အာဖရိကနိုင်ငံအချို့ ရုရှားနှင့်ပူးပေါင်း၍ ဂြိုဟ်တုများလွှတ်တင်မည်

**ဘာမာကို၊ ဆက်ဆံရေး**

အာဖရိကဒေသရှိ နိုင်ငံအချို့က ရုရှားနိုင်ငံနှင့်ပူးပေါင်း၍ ဂြိုဟ်တုများလွှတ်တင်သွားရန်စီစဉ်ထားကြောင်း ထုတ်ပြန်ကြေညာထားသည်။

မာလီ၊ နိုင်ဂျာနှင့် ဘာကီနာဖာဆိုနိုင်ငံတို့ပူးပေါင်းဖွဲ့စည်းထားသည့် ဆာဟယ်နိုင်ငံများမဟာမိတ်အဖွဲ့က ရုရှားနိုင်ငံရှိ Roscosmos နှင့်ပူးပေါင်း၍ ဂြိုဟ်တုများလွှတ်တင်သွားမည်ဟု ထုတ်ပြန်ကြေညာထားခြင်းဖြစ်သည်။

လွှတ်တင်သွားမည့်ဂြိုဟ်တုများတွင် ဆက်သွယ်ရေးဂြိုဟ်တုနှင့် ကမ္ဘာမြေကို အဝေးမှအာရုံခံထောက်လှမ်းသည့် ဂြိုဟ်တုများပါဝင်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆက်သွယ်ရေးဂြိုဟ်တုလွှတ်တင်ခြင်းကြောင့် မဟာမိတ်သုံးနိုင်ငံတွင် ရုပ်မြင်သံကြားနှင့်ရေဒီယိုထုတ်လွှင့်မှုကို ပိုမိုအဆင်ပြေစေမည်ဖြစ်ကာ ဖွံ့ဖြိုးမှုနည်းပါးသောဒေသများတွင် အင်တာနက်နှင့်တယ်လီဖုန်းဝန်ဆောင်မှုများကို ပေးနိုင်မည်ဖြစ်ကြောင်း မာလီစီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးကပြောသည်။ နောက်ထပ်ဂြိုဟ်တုမှာ နယ်စပ်များကိုစောင့်ကြည့်ခြင်းဖြင့် လုံခြုံရေးကို ခိုင်မာအားကောင်းစေမည်ဖြစ်သည်ဟု ၎င်းကဆိုသည်။ **Ref: RT**



# ယူကရိန်းအလို ရုရှားလိုက်မည်ဟု ဇီလန်စကီယုံကြည်မှု အမှားကြီးမှားမည်ဟုဆို

**မော်စကို၊ နိုင်ငံရေး**

ငြိမ်းချမ်းရေးရရှိရေးအတွက် ရုရှားက ယူကရိန်းအလိုကျလိုက်လျောလိမ့်မည်ဟု ယူကရိန်းသမ္မတ ဇီလန်စကီ၏ယုံကြည်မှုက အမှားကြီးမှားမည်ဖြစ်ကြောင်း ရုရှားသမ္မတရုံးမှ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့က စက်တင်ဘာလ ၂၅ ရက်တွင်ပြောသည်။

ရုရှား-ယူကရိန်းပဋိပက္ခသည် ညှိနှိုင်းဆွေးနွေးခြင်းဖြင့် ပြေလည်နိုင်မည်မဟုတ်ကြောင်း၊ ရုရှားအပေါ်ဖိအားသုံးမှသာ ငြိမ်းချမ်းရေးရရှိမည်ဖြစ်ကြောင်း ဇီလန်စကီက ကုလသမဂ္ဂအထွေထွေညီလာခံတွင်ပြောသည်။

ထို့နောက် ရုရှားအပေါ်ဖိအားပေးခြင်းဖြင့် ငြိမ်းချမ်းရေးရရှိရန်ကြိုးပမ်းမှုသည် အမှားကြီးမှားနေခြင်းဖြစ်ပြီး ယင်းအခြေအနေသည် ဖြစ်လာနိုင်စရာမရှိကြောင်း ပက်စကော့က သတင်းထောက်များကို ပြောထားသည်။

ထို့ပြင် ရုရှားနိုင်ငံသည် ငြိမ်းချမ်းရေးကို လိုလားသော်လည်း လုံခြုံရေးအရ သေချာမှုရှိသော၊ အထူးစစ်ဆင်ရေးရည်မှန်းချက်များအောင်မြင်ရမည်ဟူသော အခြေအနေများအပေါ်မူတည်နေကြောင်း ၎င်းကဆက်ပြောထားသည်။

**Ref: RT**

## သတင်းတိုကဏ္ဍ

### ထိုင်းအစိုးရက စီးပွားရေးနှိုးဆွမှုအတွက် ငွေကြေးထောက်ပံ့ပေးသည့် အစီအစဉ်စတင်

ဝန်ကြီးချုပ်အသစ် ဖယ်ထုန်ထန် ရှင်နာဝပ်ဦးဆောင်သော ထိုင်းအစိုးရအဖွဲ့သည် စီးပွားရေးနှိုးဆွမှုအတွက် ဘတ် ၁၄၅ ဒသမ ၅ ဘီလီယံရှိသောငွေကြေးထောက်ပံ့ပေးသည့်အစီအစဉ်ကို စက်တင်ဘာလ ၂၅ ရက်တွင် စတင်ကြောင်းသိရသည်။

ထိုအစီအစဉ်၏ ပဏာမအဆင့်တွင် လူမှုဖူလုံရေးကတ်ကိုင်ဆောင်ထားသူများနှင့် မသန်စွမ်းသူများကို တစ်ဦးလျှင် ဘတ် ၁၀၀၀၀ စီထောက်ပံ့ပေးသွားမည်ဖြစ်သည်။

ယခုကဲ့သို့ ငွေကြေးများထောက်ပံ့ပေးရခြင်းသည် နေးကွေးနေသောနိုင်ငံ၏ စီးပွားရေးကိုနှိုးဆွနိုင်စေရန် အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း ဝန်ကြီးချုပ် ဖယ်ထုန်ထန်ရှင်နာဝပ်ကပြောသည်။

ယင်းအစီအစဉ်အရ ထိုင်းနိုင်ငံသား ၁၄ ဒသမ ၅၅ သန်းမှာ ယခုလကုန်ပိုင်းတွင် ၎င်းတို့၏ဘဏ်အကောင့်များမှ တစ်ဆင့်ထောက်ပံ့ငွေများ တိုက်ရိုက်လက်ခံရရှိမည်ဖြစ်ကြောင်းနှင့် ထိုငွေများကို ၎င်းတို့စိတ်ကြိုက် အသုံးပြုခွင့်ရှိကြောင်း သိရသည်။ **Ref: Xinhua**

### ဖိလစ်ပိုင်၌ ၂၀၃၂ ခုနှစ်အရောက်တွင် နျူကလီးယားဓာတ်အားပေးစက်ရုံများရှိလာမည်

ဖိလစ်ပိုင်နိုင်ငံ၌ ၂၀၃၂ ခုနှစ်အရောက်တွင် နျူကလီးယားစွမ်းအင်သုံးဓာတ်အားပေးစက်ရုံများရှိလာမည်ဖြစ်ကြောင်းနှင့် ကနဦးအနေဖြင့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၂၀၀ ကို ဓာတ်အားလိုင်းသို့ပို့လွှတ်နိုင်မည်ဖြစ်ကြောင်း ဖိလစ်ပိုင်စွမ်းအင်ဝန်ကြီးဌာနက စက်တင်ဘာလ ၂၅ ရက်တွင်ထုတ်ပြန်သည်။

ဖိလစ်ပိုင်အစိုးရက ၎င်းတို့၏နျူကလီးယားစွမ်းအင်လမ်းပြမြေပုံကို ပြီးခဲ့သည့်သီတင်းပတ်တွင် အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ၏ ညီလာခံ၌ တင်ပြခဲ့ခြင်းဖြစ်သည်။

ထိုလမ်းပြမြေပုံအရ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ၂၀၅၀ ပြည့်နှစ်အရောက်တွင် နျူကလီးယားစွမ်းအင်သုံးဓာတ်အားပေးစက်ရုံများမှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၈၀၀ အထိ တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာနမှတာဝန်ရှိသူကပြောသည်။

နိုင်ငံ၏နျူကလီးယားစွမ်းအင် အစီအစဉ်ကိုအကောင်အထည်ဖော်ရန် သီးခြားလွတ်လပ်သည့် အာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းသွားမည်ဖြစ်သည်။ **Ref: Xinhua**

### တရုတ်က နွမ်းပါးသူများကို အမျိုးသားနေ့မတိုင်မီ ငွေကြေးများထောက်ပံ့ပေးမည်

တရုတ်အစိုးရက နိုင်ငံအတွင်းရှိနွမ်းပါးသူများကို အမျိုးသားနေ့မတိုင်မီ ငွေကြေးများထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ထောက်ပံ့ပေးမှုသည် နိုင်ငံ၏နေးကွေးနေသောစီးပွားရေးကို တစ်ဖက်တစ်လမ်းမှနေ၍ အထောက်အကူပြုစေရန်ဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။

ထောက်ပံ့ကြေးရရှိမည့်သူများမှာ နွမ်းပါးသူများနှင့် မှီခိုရာရင်ခွင်မဲ့သူများဖြစ်ကြောင်းနှင့် အသေးစိတ်အခြေအနေများကို ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပြည်သူ့ရေးရာဝန်ကြီးဌာနတို့က ထုတ်ပြန်သွားမည်ဖြစ်ကြောင်း CCTV သတင်းဌာနက ဖော်ပြထားသည်။

ထို့ပြင် ဒေသခံတာဝန်ရှိသူများအနေဖြင့် သတ်မှတ်ထားသောပြည်သူများထံ အောက်တိုဘာလ ၁ ရက်တွင် ကျရောက်မည့် ၇၅ နှစ်မြောက်အမျိုးသားနေ့မတိုင်မီ ရောက်ရှိအောင် ပေးရမည်ဖြစ်ကြောင်းနှင့် ထိုသို့ထောက်ပံ့ပေးခြင်းသည် ပါတီနှင့်အစိုးရ၏ချစ်ခြင်းမေတ္တာကို ပြသခြင်းဖြစ်ကြောင်းသိရသည်။ **Ref: BP**

### အင်ဒိုနီးရှားက CPTPP အဖွဲ့ဝင်နိုင်ငံဖြစ်ရန် တရားဝင်လျှောက်လွှာတင်

အင်ဒိုနီးရှားနိုင်ငံသည် ၎င်းတို့၏ပို့ကုန်ဈေးကွက်ကိုချဲ့ထွင်သည့်အနေဖြင့် ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်နိုင်ငံများအတွက် ဘက်စုံနှင့်တိုးတက်မှုရှိသော သဘောတူစာချုပ်အဖွဲ့ (CPTPP) ၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာစေရေးအတွက် တရားဝင်လျှောက်လွှာတင်ထားပြီဖြစ်ကြောင်း စီးပွားရေးဝန်ကြီးက စက်တင်ဘာလ ၂၅ ရက်တွင် ပြောသည်။

အဆိုပါလျှောက်လွှာကို လျှောက်လွှာလက်ခံရာနိုင်ငံဖြစ်သည့် နယူးဇီလန်နိုင်ငံသို့ ပေးပို့ထားခြင်းဖြစ်ကြောင်း စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးကပြောသည်။

အင်ဒိုနီးရှားနိုင်ငံက အဖွဲ့ဝင် ၁၂ နိုင်ငံပါဝင်သည့် လွတ်လပ်စွာကုန်သွယ်ရေးသဘောတူစာချုပ်အဖွဲ့သို့ ဝင်ရောက်ရေးအတွက် စိတ်ဝင်စားကြောင်း မေလတွင် ဖော်ပြထားသည်။ ထိုအဖွဲ့ဝင်ဖြစ်ပါက အင်ဒိုနီးရှားသို့ ရင်းနှီးမြှုပ်နှံမှုများရောက်ရှိလာနိုင်ကြောင်း အစိုးရကမျှော်မှန်းထားသည်ဟုသိရသည်။ **Ref: TST**

# အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီ (NAQAC)၏ အရည်အသွေး အာမခံမှု(QA)ဆိုင်ရာ ပထမအကြိမ်အစည်းအဝေးကျင်းပ



နေပြည်တော် စက်တင်ဘာ ၂၅

မြန်မာနိုင်ငံတက္ကသိုလ်များအနေဖြင့် သင်တန်းအဆင့် (Program Level)နှင့် တက္ကသိုလ်ကျောင်းအဆင့် (Institutional Level) နှစ်ခုစလုံးတွင် အာဆီယံတက္ကသိုလ်ကွန်ရက်၏ အရည်အသွေးအာမခံမှု (AUN-QA) စံနှုန်းသတ်မှတ်ချက်များနှင့် ပြည့်မီကိုက်ညီကြောင်း အသိအမှတ်ပြုမှု (Accreditation) ရရှိအောင် ဆောင်ရွက်ကြစေလိုကြောင်း ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၁၃)တွင် ကျင်းပသည့် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ (NAQAC)၏ အရည်အသွေးအာမခံမှု (QA)ဆိုင်ရာ ပထမအကြိမ်အစည်းအဝေးတွင် ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေက ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာ မိုးဇော်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးနှင့်ဆက်စပ်ဝန်ကြီးဌာန ကိုးခုမှ NAQ-ACကော်မတီဝင်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လက်ရှိအခြေအနေတွင် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ မြန်မာနိုင်ငံတက္ကသိုလ်များသည်လည်း အာဆီယံပညာရေးဆိုင်ရာ မူဘောင် တစ်ခုဖြစ်သော AUN-QA စံနှုန်းများနှင့်ကိုက်ညီရန်လိုအပ်ကြောင်း၊ NAQAC အနေဖြင့် မြန်မာနိုင်ငံတက္ကသိုလ်များအတွက် ထိုက်တန်သော နိုင်ငံတကာ အသိအမှတ်ပြုမှုများ ရရှိစေရန်နှင့် ကျောင်းသားဖလှယ်ရေးအစီအစဉ်များတွင် မြန်မာကျောင်းသား၊ ကျောင်းသူများပိုမိုပါဝင်လာနိုင်စေရန်၊ ပညာသင်ဆုများ ပိုမိုဆွတ်ခူးရရှိစေရန်၊ ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိသော ကမ္ဘာ့ဈေးကွက်တွင် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရန် ပံ့ပိုးကူညီပေးရန် လိုအပ်ကြောင်း၊ တက္ကသိုလ်များကလည်း AUN-QA စံသတ်မှတ်ချက်များနှင့် စံနှုန်းများပြည့်မီကြောင်း အသိအမှတ်ပြုမှု (Accreditation) ရရှိအောင် ဖြည့်ဆည်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က AUN-QA Guideline စာအုပ်ကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာတွဲဖြင့် ပြုစုဖြန့်ဝေသွားရမည်ဖြစ်ကြောင်း၊ အဆိုပါ Guideline စာအုပ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများကျင်းပရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာတက္ကသိုလ်အတွင်း အရည်အသွေးစစ်ဆေးရေးအဖွဲ့များနှင့် NAQAC ၏ ပြင်ပအရည်အသွေးစစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးအကြံပြုချက်များအတိုင်း ပြင်ဆင်လိုက်နာ ဆောင်ရွက်ခြင်းဖြင့် AUN-QA အသိအမှတ်ပြုမှု လက်မှတ်ရရှိနိုင်ရေး ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။ ဆက်လက်၍ အစည်းအဝေး ဒုတိယပိုင်းကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကာ ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)




# ရေဘေးဒဏ်ခံစားခဲ့ရသော မွေးမြူရေးလုပ်ငန်းများအတွက် အလှူရှင်များက အလှူငွေ၊ အစာနှင့်ဆေးဝါးများလှူဒါန်း



နေပြည်တော် စက်တင်ဘာ ၂၅

ရေဘေးဒဏ်ခံစားခဲ့ရသော မွေးမြူရေးလုပ်ငန်းများအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နေပြည်တော်ရုံးအမှတ်(၃၆)၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာမြဟန်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် အလှူငွေများပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ ငွေကျပ်သိန်း ၂၀၀၀ နှင့် ငွေကျပ်သိန်း ၈၀ တန်ဖိုးရှိ တိရစ္ဆာန်အစာများ၊ မြန်မာဆန်းသီရိကုမ္ပဏီမှ ငွေကျပ် သိန်း ၆၀၀ တန်ဖိုးရှိတိရစ္ဆာန်ကုသဆေး ၁၈ မျိုး၊ Fortune International Limited မှ ငွေကျပ် ၃၈၇ ဒသမ ၈ သိန်းတန်ဖိုးရှိတိရစ္ဆာန်ဆေးနှင့် ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဗဟိုသဘာဝဘေးဒဏ်စီမံခန့်ခွဲရေး ကော်မတီသို့ ဆက်လက်ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# ပဲခူးမြို့ ဟံသာဝတီရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်ဖော်ထုတ်ထိန်းသိမ်းဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေး




ပဲခူး စက်တင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့ညနေပိုင်းတွင် ပဲခူးမြို့အတွင်းရှိ ဟံသာဝတီရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်ဖော်ထုတ်ထိန်းသိမ်း ဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အများပြည်သူများ အပန်းဖြေရင်းဖြင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ တွေ့မြင်ခံစားသိရှိနိုင်စေရန် ရည်ရွယ်ဆောင်ရွက်ပေးခြင်းဖြစ်သောကြောင့် ပျက်စီးမှုများအား ချက်ချင်းပြန်လည်ပြင်ဆင်ရန်၊ လိုအပ်သည့်နေရာတွင် သတိပေးဆိုင်းဘုတ်များ တပ်ဆင်ရန် မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့နယ် မဲခုန်ကျေးရွာ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဘုရင့်နောင်မင်းတရားကြီး စီးနင်းခဲ့သည့် မြင်း ၁၆ ကောင်ဆွဲ လှည်းယဉ်တော်ကြီးအား မူလပုံစံ၊ အရွယ်အစားအတိုင်း တည်ဆောက်နေမှုအား ကွင်းဆင်းကြည့်ရှုခဲ့သည်။

ယင်းနောက် ပဲခူးမြို့၌ ရှေးဟောင်းသမိုင်းဝင် လိပ်ပြာကန်အား တိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ဘက်စုံပြန်လည်အဆင့်မြှင့်တင်နေမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိပ်ပြာကန်သည် ကျန်းမာရေးအရသော် လည်းကောင်း၊ ဘာသာရေးရသော်လည်းကောင်း၊ မိသားစုအလိုက် လာရောက်အပန်းဖြေသည့် နေရာတစ်ခုအဖြစ် လူအမြဲမပြတ်စည်ကားသည့် နေရာဖြစ်၍ Landscaping Designများ အစဉ်လှပစေရေး ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

၄၀၁၊ တင်စိုး(ပဲခူး)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၉-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၆၀ | ၃၁၄၀ | ၃၁၁၅ | ၃၀၇၀ | ၃၁၄၅ | ၃၁၁၅ | ၃၁၇၀ | ၃၁၂၀ | ၃၂၅၀ | ၃၂၈၀ | ၃၁၃၀ | ၃၁၄၅ | ၃၁၈၀ | ၃၁၆၅ | ၃၁၈၀ | ၃၅၈၅ | ၄၈၀၀ |
| 95 Ron | ၃၂၁၅ | ၃၂၉၅ | ၃၂၇၀ | ၃၂၂၅ | ၃၂၉၅ | ၃၃၁၀ | ၃၃၂၀ | ၃၂၇၅ | ၃၄၀၀ | ၃၄၃၀ | ၃၂၈၅ | ၃၃၀၀ | ၃၃၃၀ | ၃၃၂၀ | ၃၃၃၀ | ၃၇၃၅ | ၅၀၀၀ |
| HSD (500 ppm) | ၂၅၇၅ | ၂၆၅၅ | ၂၆၃၀ | ၂၅၈၅ | ၂၆၅၅ | ၂၆၇၀ | ၂၆၈၀ | ၂၆၃၅ | ၂၇၆၀ | ၂၇၉၀ | ၂၆၄၅ | ၂၆၆၀ | ၂၆၉၀ | ၂၆၈၀ | ၂၆၉၅ | ၃၀၉၅ | ၄၈၀၀ |
| HSD (50 ppm) | ၃၂၃၅ | ၃၃၁၅ | ၃၂၉၀ | ၃၂၄၅ | ၃၃၂၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၀၀ | ၃၄၂၅ | ၃၄၅၅ | ၃၃၀၅ | ၃၃၂၀ | ၃၃၅၅ | ၃၃၄၀ | ၃၃၅၅ | ၃၇၆၀ | ၄၈၀၀ |
| HSD (10 ppm) | ၃၂၃၅ | ၃၃၁၅ | ၃၂၉၀ | ၃၂၄၅ | ၃၃၂၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၀၀ | ၃၄၂၅ | ၃၄၅၅ | ၃၃၀၅ | ၃၃၂၀ | ၃၃၅၅ | ၃၃၄၀ | ၃၃၅၅ | ၃၇၆၀ | ၄၈၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၂ | ၂၉၉၃ |
| 95 Ron | ၃၀၅၀ | ၃၁၄၅ |
| HSD (500 ppm) | ၂၄၃၀ | ၂၅၀၉ |
| HSD (50 ppm) | ၃၀၇၂ | ၃၁၆၃ |
| HSD (10 ppm) | ၃၀၇၂ | ၃၁၆၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။


(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကို ရီးယဲလ်မက်ဒရစ်အသင်းတိုက်စစ်ကစားသမား ဗင်နီစီးယက်စ် ဆွတ်ခူးနိုင်မည်ဖြစ်ကြောင်း သတင်းများထွက်ပေါ်




မက်ဒရစ် စက်တင်ဘာ ၂၅

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) က ချီးမြှင့်မည့် ၂၀၂၄ ကမ္ဘာ့အကောင်းဆုံးဆုများပေးအပ်ပွဲ အခမ်းအနားတွင် ပေးအပ်ချီးမြှင့်မည့် အဓိကဆု တစ်ခုဖြစ်သည့် ကမ္ဘာ့အကောင်းဆုံးကစားသမားဆု (Ballon D'Or) ကို ရီးယဲလ်မက်ဒရစ်အသင်း တိုက်စစ်ကစားသမား ဗင်နီစီးယက်စ်က ဆွတ်ခူးနိုင် မည်ဖြစ်ကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။

တစ်နှစ်တာကမ္ဘာ့အကောင်းဆုံးဆုများ ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၈ ရက်တွင် ကျင်းပမည်ဖြစ်ပြီး လက်ရှိတွင် ဆန်ခါတင်ကစားသမားဦးရေ ၃၀ စာရင်းထုတ်ပြန်ပြီးနောက် ဗင်နီစီးယက်စ်က ဆွတ်ခူးနိုင်မည်ဟု သတင်းများ ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိထုတ်ပြန်ထားသည့် ဆန်ခါတင်ကစားသမားဦးရေ ၃၀ စာရင်းတွင် နှစ်ပေါင်း ၂၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့အကောင်းဆုံးကစားသမားဆု(Ballon D'Or) ကို အကြိမ်ရေအများဆုံး ရရှိထားသည့် မက်ဆီနှင့် စီရော်နယ်ဒိုတို့ ပါဝင်လာခြင်းမရှိဘဲ ဆန်ခါတင်ကစားသမားဦးရေ ၃၀ မှ ဗင်နီစီးယက်စ်နှင့်အတူ အသင်းဖော် ဘယ်လင်ဟမ်နှင့် မန်စီးတီးအသင်းကွင်းလယ်ကစားသမား ရိုဒရီတို့က ထိပ်ဆုံးမှ ရေပန်းစားလျက်ရှိပြီး ယခုအခါ ဗင်နီစီးယက်စ်က ဆုရရှိရန် သတင်းများထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အစောပိုင်းနှစ်များကလည်း ကမ္ဘာ့အကောင်းဆုံးကစားသမားဆု(Ballon D'Or)အတွက် ဆန်ခါတင်စာရင်းထုတ်ပြန်ပြီးနောက် အဆိုပါဆုရရှိသည့်ကစားသမား ပေါက်ကြားသည့်အစဉ်အလာများရှိခဲ့ပြီး မက်ဆီရရှိသည့်နှစ်များတွင်လည်း ဆန်ခါတင်စာရင်းထုတ်ပြန်ပြီးနောက် ဆုပေးပွဲမတိုင်မီကတည်းက သတင်းများပေါက်ကြားလေ့ရှိကာ ဆုပေးပွဲအခမ်းအနားတွင်လည်း သတင်းပေါက်ကြားသည့်အတိုင်း မက်ဆီရရှိခဲ့ပြီး ယခုအခါတွင်လည်း ဆုပေးပွဲမတိုင်မီကတည်းက ဗင်နီစီးယက်စ်ရရှိမည်ဟု သတင်းများ ထွက်ပေါ်နေခြင်းဖြစ်သည်။

လက်ရှိတွင် ဗင်နီစီးယက်စ်ကို အဓိက စပွန်ဆာပေးထားသည့် Nike ကလည်း ဗင်နီစီးယက်စ်အနေဖြင့် ကမ္ဘာ့အကောင်းဆုံးကစားသမားဆု (Ballon D'Or) ရရှိခဲ့လျှင် ၎င်းအတွက် အထူးဂုဏ်ပြုထားသည့်ဖိနပ်များကို ထုတ်လုပ်ရောင်းချရန် ပြင်ဆင်လျက်ရှိသည့်အတွက် သတင်းမှာ ပိုမိုကျယ်ပြန့်လျက်ရှိကြောင်း သိရသည်။

*Ref;Marca*

## ဘာစီလိုနာအသင်းက ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ဂိုးသမားဆက်ဇနီကိုခေါ်ယူရန် ဆွေးနွေးနေ

ဘာစီလိုနာ စက်တင်ဘာ ၂၅

ဘာစီလိုနာအသင်းက လိုအပ်ချက်များရှိနေသည့် ဂိုးသမားနေရာအတွက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ဂိုးသမားဆက်ဇနီကိုခေါ်ယူရန် အေးဂျင့်ဖြစ်သူနှင့် ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဘာစီလိုနာအသင်း ဂိုးသမားတာစတီဂန် ဒဏ်ရာကြောင့် ယခုဘောလုံးရာသီကုန်အထိ အနားယူရမည်ဖြစ်သောကြောင့် ပွဲထွက်ဂိုးသမားနေရာအတွက် လိုအပ်ချက်များရှိနေကာ ဂိုးသမားတစ်ဦးအရေးပေါ်ခေါ်ယူရန်လုပ်ဆောင်နေပြီး အပြောင်းအရွှေ့ကာလမှာ ပိတ်သိမ်းထားသောကြောင့် ကလပ်အသင်းလက်မဲ့ကစားသမားများကိုသာ ခေါ်ယူနိုင်မည်ဖြစ်သည့်အတွက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ဆက်ဇနီကိုခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ဆက်ဇနီသည် ပြီးခဲ့သည့်ဘောလုံးရာသီအကုန်က ဂျူဗင်တပ်စ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့်အတွက် ၎င်းကို အလွယ်တကူခေါ်ယူနိုင်မည်ဖြစ်ပြီး ဆက်ဇနီအပြင် ဂိုးသမား နာဗက်ကိုလည်း ခေါ်ယူရန်စီစဉ်နေကြောင်း သိရသည်။

*Ref;Fabrizio Romano*

## မာဆေးလ်အသင်း၏ ဩဂုတ်လအတွက် တစ်လတာအကောင်းဆုံးကစားသမားဆုကို အသင်းနှင့်အကောင်းဆုံးခြေစွမ်းပြနေသည့် တိုက်စစ်ကစားသမားဂရင်းဝုဒ်ဆွတ်ခူး

မာဆေးလ် စက်တင်ဘာ ၂၅

မာဆေးလ်အသင်း၏ ဩဂုတ်လအတွက် တစ်လတာအကောင်းဆုံးကစားသမားဆုကို အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနေပြီး သွင်းဂိုးများသွင်းယူနိုင်ခဲ့သည့် တိုက်စစ်ကစားသမား ဂရင်းဝုဒ်က ဆွတ်ခူးခဲ့ကြောင်း သိရသည်။

အသက် ၂၂ နှစ်အရွယ် ဂရင်းဝုဒ်သည် ပြီးခဲ့သည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက မန်ယူအသင်းမှ မာဆေးလ်အသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၆ ဒသမ ၆ သန်းဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပထမဆုံး ဘောလုံးရာသီတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ မာဆေးလ်အသင်း၏ ဩဂုတ်လအတွက် တစ်လတာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

ဂရင်းဝုဒ်သည် အသင်းနှင့်ပထမဆုံးကစားသောပွဲစဉ်ဖြစ်သည့် တူးလော့စ်အသင်းနှင့်ပွဲစဉ်တွင် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ပြီး သွင်းဂိုး နှစ်ဂိုး သွင်းယူနိုင်ခဲ့ကာ ဩဂုတ်လအတွင်း အသင်းနှင့် ကစားသည့်ပွဲစဉ်နှစ်ပွဲတွင် သုံးဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် အသင်း၏ဩဂုတ်လအတွက် တစ်လတာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ဂရင်းဝုဒ်သည် အသင်းနှင့်အတူ ပြင်သစ်လီဂူးပြိုင်ပွဲ၌ ငါးပွဲကစားပြီးချိန်တွင် ငါးဂိုးသွင်းယူထားပြီး သွင်းဂိုးအများဆုံးကစားသမားစာရင်း၌ ပီအက်စ်ဂျီအသင်းမှ ဒမ်ဘီလီနှင့် ဘာကိုလာတို့ကို ကျော်ဖြတ်ပြီး သွင်းဂိုးအများဆုံးကစားသမားအဖြစ် ရပ်တည်နေသည်။ ဂရင်းဝုဒ်ကို လာမည့်အပြောင်းအရွှေ့ကာလတွင် ဘိုင်ယန်မြူးနစ်၊ ဘာစီလိုနာနှင့် အက်သလက်တီကိုအသင်းတို့က ခေါ်ယူရန် စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။ *Ref;Goal.com*

## ၂၀၂၅ ကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မက်ဆီ၏ အင်တာမိုင်ယာမီအသင်းဝင်ရောက်ကစားခွင့်ရရှိရန် နီးစပ်လျက်ရှိ

မိုင်ယာမီ စက်တင်ဘာ ၂၅

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ကြီးမှူးကျင်းပမည့် ၂၀၂၅ ကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မက်ဆီ၏ အင်တာမိုင်ယာမီအသင်းဝင်ရောက်ကစားခွင့်ရရှိရန် နီးစပ်လျက်ရှိကြောင်း သိရသည်။

ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲကို အစောပိုင်းနှစ်များက တိုက်ကြီးများအလိုက် အဆင့်မြင့်ဆုံးပြိုင်ပွဲများ၌ ချန်ပီယံဆုရရှိသည့်အသင်းများဖြင့်သာ ကျင်းပလေ့ရှိသော်လည်း ၂၀၂၅ ပြိုင်ပွဲမှစတင်ပြီး ပုံစံပြောင်းလဲကျင်းပမည်ဖြစ်ကာ ပြိုင်ပွဲဝင်အသင်းအရေအတွက် တိုးမြှင့်ပြီး ပြိုင်ပွဲဝင်အသင်း ၃၂ သင်းဖြင့် ကျင်းပမည် ဖြစ်သည်။

လက်ရှိတွင် ပြိုင်ပွဲဝင်အသင်း ၃၂ သင်းမှ အသင်း ၃၀ မှာ ပေါ်ထွက်လာပြီဖြစ်သော်လည်း လက်ကျန်နှစ်နေရာအတွက် ကိုပါလီဘာတေးဒိုးစ်ပြိုင်ပွဲ ချန်ပီယံအသင်းနှင့် အိမ်ရှင်အမေရိကန်နိုင်ငံကိုယ်စားပြု ကလပ်အသင်းတစ်သင်းသာ ကျန်ရှိတော့ခြင်းဖြစ်သည်။

အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အမေရိကန်နိုင်ငံကိုယ်စားပြုအသင်းတစ်သင်းအတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က မေဂျာလိဂ်ကလပ်အသင်းများမှ တစ်သင်းကို ဖိတ်ကြားရမည်ဖြစ်ပြီး လက်ရှိတွင် မေဂျာလိဂ်ပြိုင်ပွဲမှ ဥရောပထိပ်တန်းကစားသမား မက်ဆီနှင့်အတူ ဆွာရက်ဇ်၊ ဘက်စ်ကွက်နှင့် အယ်လ်ဘာတို့ရှိနေသည့် အင်တာမိုင်ယာမီအသင်းက တခြားအသင်းများထက် အသင်းပုံရိပ်မြင့်တက်နေသည့်အတွက် အင်တာမိုင်ယာမီအသင်းကိုသာ ဖိတ်ခေါ်ဖွယ်ရှိကြောင်း သိရသည်။

*Ref;Goal.com*



# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Liu Yong ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း လက်ခံတွေ့ဆုံ



ရန်ကုန် စက်တင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Liu Yong ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရန်ကုန်တိုင်းဒေသကြီးတွင် စိတ်ချင်းယှက်နွယ်ယူနန်အစီအစဉ်ဖြင့် သာကေတမြို့နယ်အတွက် ဆိုလာလမ်းမီးနှင့်လမ်းမီးတိုင်အစုံ ၄၀ လွှဲပြောင်းပေးအပ်နိုင်ခဲ့မှု၊ ရန်ကုန်တိုင်းဒေသကြီးနှင့်ယူနန်ပြည်နယ်တို့အကြား လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံနိုင်မည့် အခြေအနေများ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ယူနန်ပြည်နယ်အကြား ရှိရင်းစွဲဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာလာစေရန် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့နိုင်ရေးကိစ္စရပ်များကိုဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့်အစိုးရအဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် စီးပွားရေးရာဌာနနှင့်စွမ်းအင်ဌာနတို့မှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

ဝန်းရံခ

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၂၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “ဖြူပြာမင်းနိုင်” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ မြို့မ(၂)ရပ်ကွက်နေ ဖြူပြာမင်းနိုင်(ခ)အငယ်လေးအား မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ပြွန်တန်ဆာနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

# ဒေါပုံမြို့နယ်၌ ကားဘက်ထရီခေါင်းချောင်း၍ ဝိုင်ယာကြိုးများအပူလွန်ကဲကာ ကားမီးလောင်မှုဖြစ်ပွား

နေပြည်တော် စက်တင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၌ စက်တင်ဘာလ ၂၃ ရက်နေ့က ကားဘက်ထရီခေါင်းချောင်း၍ ဝိုင်ယာကြိုးများ အပူလွန်ကဲကာ ကားမီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာလ ၂၃ ရက်နေ့ ညနေ ၅ နာရီ မိနစ် ၄၀ အချိန်တွင် ဒေါပုံမြို့နယ်၊ လမုတန်းရပ်ကွက်ရှိ အထက(၁) ကျောင်းရှေ့၌ မော်တော်ယာဉ် ၁ စီး မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ဒေါပုံမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့က မီးသတ်ယာဉ် ၃ စီးဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ၁၀ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး ဖြစ်စဉ်အားစိစစ်ရာ လသာမြို့နယ်၊ အမှတ်(၁)ရပ်ကွက်နေ အောင်မျိုးဦး (၄၂)နှစ် မောင်းနှင်လာသည့် BGO-11 2S-xxxx CHEVROLET TRAX ယာဉ်သည် အဆိုပါနေရာအရောက်၌ အင်ဂျင်ခန်းအတွင်းမှ ကားဘက်ထရီခေါင်းချောင်း၍ ဝိုင်ယာကြိုးများအပူလွန်ကဲကာ မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် မော်တော်ယာဉ်မှာ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သဖြင့် အောင်မျိုးဦးအား ဒေါပုံမြို့မရဲစခန်း(ပ)၅၅၇/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(ရဲပြန်ကြား)

# ရေနံချောင်းမြို့တွင် ဘုန်းကြီးဝတ်နေသူတချို့ကို စစ်မှုထမ်းရန် တိမ်းရှောင်သည်ဟုဆိုကာ တပ်မတော်က သင်္ကန်းချွတ်ခိုင်းပြီး အဓမ္မဖမ်းဆီး ခေါ်ဆောင်နေကြောင်း သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် စက်တင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး၊ရေနံချောင်းမြို့နယ် ဝက်မစွတ်ကျေးရွာအုပ်စုတွင် တပ်မတော်က လူငယ်များကို အတင်းအဓမ္မဖမ်းဆီးခြင်းများ လုပ်ဆောင်နေသဖြင့် လူငယ်များနှင့်အမျိုးသားများတိမ်းရှောင်မှုများ အလွန်များပြားလာကြောင်း၊ တချို့မှာ ဘုန်းကြီးကျောင်းများတွင် သင်္ကန်းစီးပြီး ဘုန်းကြီးဝတ်ဖြင့်နေထိုင်ကြကြောင်း၊ ထို့ကြောင့် တပ်မတော်က ဝက်မစွတ်ကျေးရွာအုပ်စုအတွင်းရှိ ဘုန်းကြီးကျောင်းတချို့ကို ဝင်ရောက်စိစစ်ပြီး ဘုန်းကြီးဝတ်ထားသူများကို သင်္ကန်းချွတ်ခိုင်းကာ စစ်သားအဖြစ်အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်မှုများ ဖြစ်ပွားနေခြင်းဖြစ်ကြောင်း အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာက သတင်းအမှားများ ရေးသားထုတ်လွှင့်လျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းသည် တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် နိုင်ငံကိုအလုံးစုံပျက်သုဉ်းလိုသည့် အကြမ်းဖက်၊ လောက်ကောင်များက ဘာသာရေးကို ခုတုံးလုပ်၍ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်လျက်ရှိသည့် ပြည်သူလူထုနှင့် တပ်မတော်အကြား သွေးခွဲရန်နှင့် အထင်အမြင်လွဲမှားစေရန်၊ သွေးထိုးလှုံ့ဆော်ဝါဒဖြန့် ထုတ်လွှင့်နေခြင်းသာဖြစ်ကြောင်း၊ လက်ရှိတွင် ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၅)အထိ အောင်မြင်စွာဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး သင်တန်းဆင်းပြီးသော နိုင်ငံသားကောင်း ပြည်သူ့စစ်မှုထမ်း စစ်သည်များသည်လည်း တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေပြီဖြစ်ကြောင်း၊ မိဘပြည်သူများကို အထင်အမြင်လွဲမှားစေရန်နှင့် စိုးရိမ်ပူပန်မှုမြင့်တက်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ကြံဖန်တီးရေးသားထုတ်လွှင့်ခြင်းသာဖြစ်ပြီး ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သတင်းမှန်များကိုလည်း နိုင်ငံပိုင်မီဒီယာများမှ စဉ်ဆက်မပြတ်ထုတ်လွှင့်ပေးလျက်ရှိကြောင်း သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရှိရပါသည်။

(၁၀၀)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၉-၂၀၂၄(ကြာသပတေးနေ့)

၁။ ၆:၀၂ နိုင်ငံတော်သီချင်း
၂။ ၇:၂၀ မေတ္တာပို့
၃။ ၇:၂၅ ဓမ္မဗုဒ္ဓတေး
၄။ ၇:၄၅ မျိုးချစ်တပ်မတော်
၅။ ၉:၁၅ ကျန်းမာသုတ
၆။ ၁၁:၅၅ သီချင်းလက်ဆောင်
၇။ ၁၉:၀၀ (၁၉၉၅) ခုနှစ်၊ မြဝတီအငြိမ့်ပြိုင်ပွဲ မြရတနာအငြိမ့်(ဒုတိယပိုင်း) (အနောက်တောင်တိုင်းစစ်ဌာနချုပ်)

# ပြတ်တောက်သွားသော ညာဘက်လက်မအား ပြန်လည်ဆက်ပေးသည့် ခွဲစိတ်ကုသမှု ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့



လူနာ၏ပြတ်တောက်သွားသော ညာဘက်လက်မအား ပြန်လည်ဆက်ပေးသည့် ခွဲစိတ်ကုသမှု ဆောင်ရွက်စဉ်။

**နေပြည်တော် စက်တင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၉)ရပ်ကွက် မြိုင်လမ်း အမှတ် -၂၁၄/ခ နေထိုင်သူ မောင်စိုင်းဇော်ထိုက် အသက် ၂၆ နှစ်သည် ဇူလိုင်လ ၃၀ ရက်နံနက်ပိုင်းက ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ သံဖြတ်စက် Cutter ထိခိုက်မိရာမှ ညာဘက်လက်မပြတ်တောက်သွားသည့်ဒဏ်ရာ (Right Thumb Traumatic Amputation) ဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ၁၁ နာရီ မိနစ် ၅၀ တွင်ရောက်ရှိလာရာ အဆိုပါလူနာ၏ ပြတ်တောက်သွားသော ညာဘက်လက်မအား ပြန်လည်ဆက်ပေးသည့် ခွဲစိတ်ကုသမှု (Thumb Replantation)ကို ည ၇ နာရီ ၃၅ မိနစ်တွင် စတင်ခဲ့ပြီး ည ၁၁ နာရီ ၃၅ မိနစ်တွင် ခွဲစိတ်မှုအောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လူနာရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် အရေးပေါ်ကုသမှုဌာနမှ ဆရာဝန်များ၊ သူနာပြုများနှင့်ကျန်းမာရေးဝန်ထမ်းများက အရေးပေါ်ပြုစုကုသမှုများ ပြုလုပ်ပြီး လိုအပ်သော စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ခြင်းကို အချိန်နှင့်တစ်ပြေးညီ ပြုလုပ်ကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုပညာ ဆေးလက်တွေ့ပါရဂူဘွဲ့ သင်တန်းသူ/သင်တန်းသားများဖြစ်သည့် ဒေါက်တာခိုင်မေဦး၊ ဒေါက်တာရဲနိုင်ဦးနှင့် ဒေါက်တာမင်းမင်းအောင် ဆေးပညာမဟာသိပ္ပံ (တတိယနှစ်) (အရိုးရောဂါပညာ)တို့ ဦးဆောင်သည့် လက်ပိုင်းဆိုင်ရာခွဲစိတ်ကုသမှုအဖွဲ့နှင့် ဒေါက်တာဒါလီစိုးဝင်း လက်ထောက်ဆရာဝန် (မေ့ဆေး)၊ ဆေးပညာမဟာသိပ္ပံ(မေ့ဆေး) သင်တန်းသားများဖြစ်သည့် ဒေါက်တာထက်အောင်လင်း၊ ဒေါက်တာအောင်ကိုကိုတို့ ဦးဆောင်သည့် မေ့ဆေးဆရာဝန်အဖွဲ့နှင့် သူနာပြု ဒေါ်ပိုးခန့်ထူး၊ ဒေါ်နှင်းအဥ္ဇလီ တို့ပါဝင်သော သူနာပြုအဖွဲ့တို့ပူးပေါင်း၍ ပြတ်တောက်သွားသော လက်မအား ပြန်လည်ဆက်ခြင်း (Replantation) ခွဲစိတ်ကုသမှုကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

လူနာ၏ ကျန်းမာရေးအခြေအနေနှင့် ဆက်ထားသော ညာဘက်လက်မ၏ သွေးလည်ပတ်မှုအခြေအနေမှာကောင်းမွန်ပြီး စိတ်ချရသည့်အခြေအနေတွင်ရှိသည့်အတွက် အဆိုပါလူနာအား ဩဂုတ်လ ၁၂ ရက် (ခွဲစိတ်ပြီး ၁၃ ရက်မြောက်နေ့)တွင် ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီး ပုံမှန်ပြင်ပလူနာအနေဖြင့် ဆေးရုံရက်ချိန်းဖြင့် ဆက်လက်စောင့်ရှောက် ကုသပေးလျက်ရှိရာ ခွဲစိတ်ပြီး ၂၈ ရက်မြောက်နေ့တွင်လည်း ဆက်ထားသောလက်မ၏အခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



လူနာ၏လက်မပြတ်တောက်သွားသည့်အခြေအနေကိုတွေ့ရစဉ်။



ခွဲစိတ်ကုသပြီး ၂၈ ရက်မြောက်နေ့တွင် ဆက်ထားသောလက်မ၏အခြေအနေကိုတွေ့ရစဉ်။

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ISPE အသင်းနိုင်ပွဲရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်

**ရန်ကုန် စက်တင်ဘာ ၂၅**


မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၈) ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင်ရန်ကုန်မြို့၌ကျင်းပခဲ့ရာ ISPE အသင်းနိုင်ပွဲရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။



မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၈) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ YUSC အားကစားကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ပြီး ရောဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို စန်းသော်သော်က သွင်းယူပေးနိုင်ခဲ့ကာ ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ဖြူဖွေးကသွင်းယူပေးနိုင်ခဲ့ပြီး အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ရောဝတီယူနိုက်တက်အသင်းမှ စန်းသော်သော်က ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီတွင် ပဒုမ္မာအားကစားကွင်း၌ ISPE အသင်းနှင့် YREO အသင်းတို့ကစားခဲ့ရာ ISPE အသင်းက ၅ ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ယဉ်လွန်းအိမ်၊ ဟောမာန်စိုး၊ လင်းမြင့်မိုရ်နှင့် ရွှေရည်ထွန်းတို့က သွင်းယူပေးနိုင်ခဲ့ကာ အဆိုပါပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို ISPE အသင်းမှ ယဉ်လွန်းအိမ်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ **စည်သူအောင်**

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ခရမ်း | (၂.၄၄)လက်မ |
| သာပေါင်း | (၂.၄၀)လက်မ |
| မော်ဘီ | (၂.၃၂)လက်မ |
| ဆိပ်သာ | (၂.၂၈)လက်မ |
| ကမမောင်း | (၂.၂၈)လက်မ |
| ဘိုကလေး | (၂.၂၅)လက်မ |
| ဘီးလင်း | (၁.၉၂)လက်မ |
| ညောင်ရွှေ | (၁.၇၈)လက်မ |
| မင်းကင်း | (၁.၇၀)လက်မ |
| ကျိုက်လတ် | (၁.၇၀)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၃ | ၃၂ |
| ရှမ်း(မြောက်) | ၂၂ | ၃၂ |
| ရှမ်း(အရှေ့) | ၂၂ | ၃၂ |
| ရှမ်း(တောင်) | ၁၈ | ၂၅ |
| ချင်း | ၁၅ | ၂၂ |
| စစ်ကိုင်း(အထက်) | ၂၃ | ၃၃ |
| စစ်ကိုင်း(အောက်) | ၂၅ | ၃၃ |
| နေပြည်တော် | ၂၅ | ၃၀ |
| မန္တလေး | ၂၆ | ၃၃ |
| မကွေး | ၂၄ | ၃၂ |
| ရခိုင် | ၂၃ | ၃၀ |
| ပဲခူး | ၂၂ | ၃၀ |
| ရန်ကုန် | ၂၄ | ၂၉ |
| ဧရာဝတီ | ၂၃ | ၃၀ |
| ကယား | ၂၀ | ၃၀ |
| ကရင် | ၂၃ | ၃၀ |
| မွန် | ၂၄ | ၃၀ |
| တနင်္သာရီ | ၂၃ | ၃၂ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# အခြေခံပညာဦးစီးဌာန
# နေပြည်တော်
## ကန့်သတ်မှုမရှိသောတင်ဒါ(အိတ်ဖွင့်တင်ဒါ)(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်မည့် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူအတွက် ခဲတံနှင့်ဘောပင်များ ဝယ်ယူမည်ဖြစ်ပါသဖြင့် သတ်မှတ်ချက်များနှင့် ညီညွတ်သော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများအား ကန့်သတ်မှုမရှိသောတင်ဒါ(အိတ်ဖွင့်တင်ဒါ)(Open Tender) တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

- တင်ဒါစတင်ရောင်းချမည့်ရက် - (၂၆-၉-၂၀၂၄)ရက်မှ(၁၀-၁၀-၂၀၂၄)ရက်အထိ(ရုံးချိန်အတွင်း)
- တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် - (၁၀-၁၀-၂၀၂၄)ရက်နေ့၊ ညနေ(၄:၃၀)နာရီ
- တင်ဒါတင်သွင်းရမည့်နေရာ - ဘဏ္ဍာဌာန၊ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၁၃)၊ နေပြည်တော်

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါကလူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် (၀၆၇-၃၄၀၇၆၉၄)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

### ဖခင်အမည်မှန်
နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အ.ထ.က ကံသာ Grade-12 မှ မောင်အောင်ဖြိုးချစ်၏ ဖခင်အမည်မှန်မှာ ဦးမောင်ပု ၉/လဝန(နိုင်) ၂၁၇၁၉၆ ဖြစ်ပါကြောင်း။
**ဦးမောင်ပု**

### မွေးသက္ကရာဇ်အမှန်
နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ တက်ရှိန်းကျေးရွာအုပ်စုနေ အဘဦးတင်ဝင်း၏သား ဦးကျော်မင်းနိုင် ၉/တကန(နိုင်)၁၄၈၅၈၉ ၏ မွေးသက္ကရာဇ်အမှန်မှာ ၇-၉-၁၉၈၉ ဖြစ်ပါကြောင်း။ **၇-၉-၁၉၈၉**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ စိတ္တသုခ အ.ထ.က Grade-5 တွင် ပညာသင်ကြားနေသော မောင်ဝင်းမင်းအောင်၏ဖခင် ဦးအောင်မြင့်၏အမည်မှန်မှာ ဦးဝင်းလှိုင် ၈/ရစက(နိုင်)၁၇၁၇၉၇ ဖြစ်ပါကြောင်း။ **ဦးဝင်းလှိုင်**




### ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ကျည်တောင်ကန်အမှတ်(၃)ရပ်ကွက်၊ မြေကွက်အမှတ်(၃/၁၃၂) ပေ (၂၄ x ၅၀)အကျယ်ရှိ အိမ်ခြံမြေနှင့် ယင်းအိမ်ခြံမြေပေါ်မှ ရရှိလာသည့် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ရှင်မတင်မာဝင်း ၁၃/ထခလ(နိုင်)၀၀၀၅၂၇ ထံမှ ကျွန်တော် ဦးကိုကိုအောင် ၁၂/ဥကမ(နိုင်)၁၅၃၆၈၄ က ဝယ်ယူရန် ၂၁-၉-၂၀၂၄ ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ထိုအိမ်ခြံမြေနှင့် ပတ်သက်ပြီး အကျိုးသက်ဆိုင်ခွင့်ရှိသည်ဆိုပါက အထောက်အထားခိုင်မာစွာဖြင့် ဤကြေညာသည့် ရက်မှစ၍(၇)ရက်အတွင်းကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကိုကိုအောင်**
**ဖုန်း-၀၉-၇၈၅၉၉၆၇၉၇**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ
မြင်းခြံမြို့၊ အမှတ်(၁၆)ရပ်ကွက်၊ အကွက်အမှတ် ၃၈(က)စွန်လွန်းရပ်၊ ဦးပိုင်အမှတ်(ဂ)၊ တောင်ဘက် ၁၇၈'-၀"၊ အနောက်ဘက် ၄၅၉'-၀"၊ မြောက်ဘက် ၂၂၄'-၀"၊ အရှေ့ဘက် ၄၀၀'-၀"၊ ယင်းနယ်လေးရပ်အတွင်းမှ တောင်ဘက် ၂၁၃'-၀"၊ အနောက်ဘက် ၁၁၂'-၀"၊ မြောက်ဘက်၁၉၈'-၅"၊ အရှေ့ဘက် ၅၀'-၀" ဝိုင်းမြေပေါ်တွင် ဒေါ်နွယ်ဦးမို (၉/မခန(နိုင်)၂၄၁၂၁၄) ကိုင်ဆောင်သူမှ(အလျား ၃၀'-၀" x အနံ ၄၀'-၀") RC (၁)ထပ်ခွဲ အဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### အမည်မှန်
ကျိုင်းတုံမြို့နယ်၊ နားကောင်းကျေးရွာနေထိုင်သူ အဘဦးယောနဆန်၏သမီး အမည်မှန်မှာ မနားထယ်မွေး ဖြစ်ပါကြောင်း။
**မနားထယ်မွေး**

### ဖခင်အမည်မှန်
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ.ထ.က (ကျည်တောင်ကန်) Grade-12 မှ ပညာသင်ကြားနေသော မနှင်းဝတ်ရည်၏ဖခင်အမည်မှန်မှာ ဦးရာဇာထွန်း ၉/ပမန(နိုင်) ၂၀၉၃၀၃ ဖြစ်ပါကြောင်း။ **ဦးရာဇာထွန်း**

### ပျောက်ဆုံးကြောင်း
ဦးကနေဆား(ဘ)ဦးအာရမ္မန် ၁၀/ပမန(နိုင်) ၂၅၃၆၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း
ဦးချစ်အောင်(ဘ)ဦးဘကြည် ၁၀/ရမန(နိုင်) ၁၁၇၂၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း
ဒေါ်အုန်းမြ(ဘ)ဦးအုန်းဖေ ၁၀/မလမ(နိုင်) ၀၄၂၅၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း
ဦးအောင်မျိုးမြတ်(ဘ)ဦးတင်ဦး ၁၀/မလမ(နိုင်)၁၄၃၅၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း
မဖြိုးသူဟန်(ဘ)ဦးကျော်စိုးအောင်(ခ)ဦးယုကျန် ၁၀/မဒန(နိုင်)၁၆၆၁၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ဖခင်အမည်မှန်
သထုံမြို့နယ်၊ အ.ထ.က သိမ်ဆိပ် Grade(12) A မှ မနှင်းနုနုအောင်၏ဖခင်အမည်မှန်မှာ ဦးအာရ်မွန် ၁၀/သထန(နိုင်)၁၀၄၂၉၅ ဖြစ်ပါကြောင်း။
**ဦးအာရ်မွန်**

### ဖခင်အမည်မှန်
မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့၊ ဟိန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ ကျောင်းဝင်အမှတ် က/၉၆၉၇ Grade(12) တွင် ပညာသင်ကြားနေသော မနန်းဝေဝေလှိုင်၏ဖခင်အမည်မှန်မှာ ဦးမောင်ထူး ၅/ကဘလ(နိုင်)၁၇၃၉၄၅ ဖြစ်ပါကြောင်း။ **ဦးမောင်ထူး**

### ပျောက်ဆုံးကြောင်း
သက်သက်ပြုံး(ဘ)ဦးအင်ပို ၆/ထဝန(နိုင်) ၁၁၃၉၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

## အများသိစေရန်ကြေညာခြင်း
အန်းကော့မိုက်ခရိုဖိုင်းနန့်ကုမ္ပဏီလီမိတက်၏ ၁၆-၉-၂၀၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ Mr.MEAS SAM OI သည် မိမိသဘောဆန္ဒအရ အုပ်ချုပ်မှုဒါရိုက်တာ (MD) ရာထူးမှနုတ်ထွက်ခွင့်တင်ပြလာမှုအား အတည်ပြုပေးခဲ့ပြီးဖြစ်သဖြင့် အများပြည်သူငွေကြေးဝန်ဆောင်မှုဆောင်ရွက်နေသည့် အဖွဲ့အစည်းများ သိရှိစေရန်ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**အန်းကော့မိုက်ခရိုဖိုင်းနန့်ကုမ္ပဏီလီမိတက်**

### ပျောက်ဆုံးကြောင်း
နန်းအေးမိဇော်(ဘ)ဦးမျိုးအောင် ၃/ပကန(နိုင်)၀၀၀၈၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 695963)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ချစ်စုဆွေ(ဘ)ဦးသိန်းလွင် ၈/ပခက(နိုင်) ၂၉၂၄၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 787303)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၁၀၄၇၃၆

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့၊ အောက်စီတီးအရှေ့ကျေးရွာနေ မောင်သီဟထွန်း(ဘ)ဦးကျင်ဝင်း ၇/ပခန(နိုင်)၂၇၆၄၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၂၀၇၆၉၉

### ပျောက်ဆုံးကြောင်း
ကျိုင်းတုံမြို့ နေ မောင်ဆန်းကျော်ဦး(ဘ)ဦးကျော်တင့်၏ ယာဉ်မောင်းလိုင်စင်(ခ)၊ ကတ်အမှတ် E-027954 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၁၃၉၄၀၈၉၀

### ပျောက်ဆုံးကြောင်း
စထင်လင်းခိုင်(ဘ)ဦးအေးခိုင်ဝင်း ၁၄/ကပန(နိုင်)၁၃၀၇၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၄၂၃၉၅၆၀

### ပျောက်ဆုံးကြောင်း
ပိုင်ပိုင်ထွန်း(ဘ)ဦးမြင့်ထွန်း ၃/မဝတ(နိုင်) ၀၃၂၀၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း
ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ မြို့မ(၂)ရပ်ကွက်၊ မဟာဗောဂလမ်းနေ ဦးနေလင်း ၇/ညလပ(နိုင်)၀၁၅၇၉၇၊ ဒေါ်လှလှဝင်း ၂/ဖဆန(နိုင်)၀၀၀၀၃၈ တို့၏သားဖြစ်သူ မောင်ပြည့်စုံကျော် ၇/ညလပ(နိုင်)၂၁၉၈၃၅ သည်မိဘများဆိုဆုံးမမှုကို မနာခံဘဲ မိဘ၊ ညီအစ်ကိုမောင်နှမများ ဂုဏ်သိက္ခာထိခိုက်အောင်အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ ခွင့်မလွှတ်နိုင်သောကိစ္စများကို အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ မိဘများစိတ်ဆင်းရဲအောင်ပြုလုပ်နေပါ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့် ပတ်သက်၍ ငွေရေးကြေးရေးကိစ္စရပ်များ၊ လူမှုရေးကိစ္စရပ်များ၊ မလိုလားအပ်သော အရှုပ်အရှင်းကိစ္စများ ပေါ်ပေါက်လာပါက မိသားစုနှင့် လုံးဝ(လုံးဝ)မသက်ဆိုင်ဘဲ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးနေလင်း-ဒေါ်လှလှဝင်း**

### ပျောက်ဆုံးကြောင်း
ကျိုင်းတုံမြို့ နေ မောင်ဆန်းကျော်ဦး(ဘ)ဦးကျော်တင့်၏ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၉/တသန(နိုင်)၂၀၅၅၇၂ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၁၃၉၄၀၈၉၀

### ပျောက်ဆုံးကြောင်း
ဘီးလင်းမြို့၊ တောင်စွန်းကျေးရွာ၊ ကရင်စုရပ်ကွက်နေ ဦးအောင်သက်မင်း(ဘ)ဦးစိုးမြင့် ၁၀/ဘလန(နိုင်)၀၇၃၅၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၀၂၇၇၆၃၅

### ပျောက်ဆုံးကြောင်း
ဇာနည်ထက်(ဘ)ဦးချိုခိုင် ၉/မထလ(နိုင်) ၂၇၈၃၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 379554)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဟန်စိုးထိုက်(ဘ)ဦးလှမြိုင် ၇/ဒဥန(နိုင်) ၁၂၇၃၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ညီညီဟန်(ဘ)ဦးကြည် ၁၂/ဥကမ(နိုင်) ၁၃၂၄၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဦးအောင်ခိုင်(ဘ)ဦးမောင်လွင် ၁၂/ဥကတ(နိုင်)၀၆၄၄၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### မော်တော်ဆိုင်ကယ်မှတ်ပုံတင်စာအုပ်ပျောက် လျှောက်ထားခြင်း
မော်တော်ဆိုင်ကယ်အမှတ်၊ 48W/98735 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမင်း ၁၀/သထန(နိုင်) ၀၀၂၈၂၇ မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံးမိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**က.ည.န၊ ခရိုင်ရုံး(သထုံ)**

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့၊ ဟံသာဝတီရပ်ကွက်နေ မစန္ဒာဝင်းမောင်(ဘ)ဦးညွန့်မောင် ၇/ဝမန(နိုင်)၀၇၉၃၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၁၅၆၁၂၅

### ပျောက်ဆုံးကြောင်း
ရွှေပြည်သာမြို့နယ်၊ ၁၅၁၄(ခ)၁၆/၄၃ နေ မောင်ဟိန်းထက်(ဘ)ဦးဝင်းမြင့် ၁၂/ရပသ(နိုင်)၀၆၆၂၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ထက်ထက်အောင်(ဘ)ဦးဝင်းစိုး ၈/အလန(နိုင်)၂၄၈၆၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 739088)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ဝင်းပပစိုး(ဘ)ဦးစိုးလွင် ၁၂/ဥကမ(နိုင်) ၀၀၂၀၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 819560)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၆၃၂၆၉၉

### ပျောက်ဆုံးကြောင်း
ဝေယံထက်(ဘ)ဦးမြင့်ဆွေ ၈/ရစက(နိုင်) ၂၂၆၂၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 107034)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၉၉၇၈၆၆၁

### ပျောက်ဆုံးကြောင်း
ဇော်မျိုးသူရ(ဘ)ဦးသူရညွန့် ၁၃/တကန(နိုင်)၁၃၉၈၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၀၇၃၄၅၂

### ပျောက်ဆုံးကြောင်း
မောင်မောင်သင်(ဘ)ဦးဘိုးကြူး ၁၂/လသယ(နိုင်)၀၄၆၂၀၂ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၅၇၅၁၇၄၄

### ပျောက်ဆုံးကြောင်း
သော်ဇင်လတ်(ဘ)ဦးတင်ဦး ၉/မထလ(နိုင်)၂၁၇၇၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၀၇၁၃၀၁

### ပျောက်ဆုံးကြောင်း
အယ်လီစတာ(ဘ)ဦးလူပေါက် ၁/မကန(နိုင်)၂၆၁၉၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 880473)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၄၀၈၆၂၅၉၁

### ပျောက်ဆုံးကြောင်း
သက်အောင်(ဘ)ဦးခင်မြင့်မောင် ၁၂/တမန(နိုင်)၁၀၇၉၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 342218)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၈၂၈၃၃၅၈

### ပျောက်ဆုံးကြောင်း
စန်းစန်းလှ(ဘ)ဦးစံညွန့် ၁၄/ဇလန(နိုင်) ၁၀၁၇၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 992949)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၀၇၃၄၅၂

### ပျောက်ဆုံးကြောင်း
အိအိဖြူ(ဘ)ဦးအောင်မြင့် ၁၄/မအပ(နိုင်) ၂၄၈၇၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 915457)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၂၀၃၈၉၈၃

### ပျောက်ဆုံးကြောင်း
နှော်ယဉ်ယဉ်ဖြူ(ဘ)စောရပ်ဆဲလ် ၁၂/အစန(နိုင်)၂၁၁၉၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 615104)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၅၂၉၆၁၃၉

### ပျောက်ဆုံးကြောင်း
မောင်မောင်အေး(ဘ)ဦးသိန်းဝင်း ၁၂/ကမရ(နိုင်)၀၃၉၄၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဟိန်းမင်းလတ်(ဘ)ဦးသိန်းမြင့် ၈/မသန(နိုင်)၁၃၉၅၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 137456)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၃၅၇၈၃၅၃

**မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ**
**လူမှုရေး/စီးပွားရေးကြော်ငြာများ**
**(30 % Discount Off)**
မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀ိ/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-
- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၀၅၅၆၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup@gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

( ခ ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

( ဂ ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

( ခ ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

( ဂ ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

( င ) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိစစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

( ခ ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

( ဂ ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

( င ) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

( ခ ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

( ဂ ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

( င ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

( စ ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၆၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |


၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၄၀၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၃၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၃၀၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၃၀၀၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။



သီလဝါဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

နေပြည်တော် စက်တင်ဘာ ၂၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **စက်တင်ဘာလ ၂၃ ရက်နှင့် ၂၄ ရက်**တို့တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်၊ မင်းဘူးခရိုင်နှင့်သရက်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၂၇၀) တန်၊ အခြားသစ် (သုည ဒသမ ၉၁၇)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၂၈၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၈၀၂၈၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

**စက်တင်ဘာလ ၂၄ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၂၃)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၃)မျိုး၊ လူသုံးကုန်ပစ္စည်း (၁)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၀၀၂၃၀၉) ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၁၀၂၆၃၂)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၅) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၇၉၇၂၄၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၅၉၂၁၁၈၁)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နေပြည်တော်တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၂ ဒသမ ၁၁၃)တန်၊ အခြားသစ် (သုည ဒသမ ၂၂၇)တန် **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၅၄၂၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ကချင်ပြည်နယ်တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့၊ နောင်နန်းကျေးရွာအနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အမိုနီယမ်နိုက်ထရိတ် ကီလိုဂရမ် (၆၀၀၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)ကို မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရလည်းကောင်း၊ မိုးညှင်းမြို့နယ်၊ နန့်စီးအောင်ကျေးရွာအနီး၌ လိုင်စင်မဲ့ မော်တော်ယာဉ်(၅)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၆၀၀၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေး-ပြင်ဦးလွင် လမ်း၊ မိုင်တိုင်အမှတ် (၂၁)အနီး၌ မော်တော်ယာဉ် (၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂၃)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၁၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၃၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace (၁)စီး၊ Toyota Corolla Fielder (၁)စီး၊ Nissan Caravan Mini Bus (၁)စီး၊ စုစုပေါင်း မော်တော်ယာဉ် (၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၀၀၀၀၀၀)ကိုလည်းကောင်း၊ မန္တလေးမြို့အဝင် ထုံးဘိုစစ်ဆေးရေးဂိတ်အနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၄၃၄၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၄၇၅၄၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးမြို့၊ အဝေးပြေးကားဝင်း၊ တော်ဝင်ထွန်းကားဂိတ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်ထားသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပြည်ခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် (၁၉ဒသမ ၀၁၄)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၄၇၇၇၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၆၄၇၇၇၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ်တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့၊ ကောင်းမှုတုံရပ်ကွက်၊ တရုတ်ဘုံကျောင်းအနီး လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်း (၂)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**စက်တင်ဘာလ ၂၅ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့၊ ရွှေပြည်တန်ရပ်ကွက်၊ အဝေးပြေး ကားဝင်းအသစ်ရှိ ရွှေစင်စကြာကားဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန် ပစ္စည်း(၁)မျိုး၊ လူသုံးကုန် ပစ္စည်း(၁) မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာလ ၂၃ ရက်၊ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၅၃)မှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၇၅၇၄၀၀၅၁)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။


(သတင်းစဉ်)

## နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်ကျွန်း ၄၅ ဒသမ ၉၁၉၈ တန်၊ သစ်မာ ၁ ဒသမ ၉၉၄၂ တန်နှင့် အခြား ၁၄ ဒသမ ၉၉၄၁ တန် ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၂၅

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီး ဌာနသည် တရားမဝင်သစ်နှင့် သစ်တော ထွက်ပစ္စည်းများရှာဖွေဖော်ထုတ်ဖမ်းဆီးရေး ကိုပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်(Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလ **၁၆ ရက်မှ ၂၂ ရက် အထိ** နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်**ကျွန်း (၄၅ ဒသမ ၉၁၉၈)တန်၊ သစ်မာ (၁ ဒသမ ၉၉၄၂)တန်၊ အခြား (၁၄ ဒသမ ၉၉၄၁) တန် စုစုပေါင်း (၆၂ ဒသမ ၉၀၈၁)တန်၊ ယာဉ်/ ယန္တရား (၆)စီးနှင့် တရားခံ(၈)ဦး** ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

(သတင်းစဉ်)



## မိုင်းယောင်းမြို့နယ်၌ လက်နှိပ်ဓာတ်မီးအားသွင်းထားရာမှ လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ကာ မီးလောင်မှုဖြစ်ပွား

နေပြည်တော် စက်တင်ဘာ ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်၌ စက်တင်ဘာလ ၂၄ ရက်နေ့က လက်နှိပ်ဓာတ်မီး အားသွင်းထားရာမှ လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ကာ မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာလ ၂၄ ရက်နေ့ နံနက် ၁၁ နာရီခွဲအချိန်တွင် မိုင်းယောင်းမြို့နယ်၊ ဝမ်ကုန်ကျေးရွာ၌ မီးလောင်မှု ဖြစ်ပွားကြောင်း သတင်းအရ မိုင်းယောင်းမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့က မီးသတ်ယာဉ် ၂ စီးဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ မိနစ် ၃၀ ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး ဖြစ်စဉ်အား စိစစ်ရာ အဆိုပါရပ်ကွက်နေ အိုက်ခေါင် (၂၇)နှစ်သည် နေအိမ်အိပ်ခန်းအတွင်းရှိ လျှပ်စစ်မီးပလတ်ခုံ၌ လက်နှိပ်ဓာတ်မီး အားသွင်းရာမှတစ်ဆင့် လျှပ်စစ်ဝိုင်ယာရှော့ ဖြစ်ကာ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် နေအိမ် ၁ လုံး မီးလောင်ဆုံးရှုံးခဲ့သဖြင့် အိုက်ခေါင်အား မိုင်းယောင်းမြို့မရဲစခန်း (ပ)၂၃/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၂၈၅ ဖြင့်အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(ရဲပြန်ကြား)



ထုတ်လုပ်မှုသက်တမ်း (၂၀) နှစ်ကျော်ရှိပြီး မီဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။
PORTLAND CEMENT, BRITISH STANDARD
OPC-BS-12-1996,42.5N
တစ်သက်တာလုံးကြံ့ခိုင်ဖို့
RHINO
သုံးကြစို့....
RHINO
PORTLAND CEMENT
PRODUCT OF MEC
EXPORT QUALITY
ပင်ရင်းအရောင်းဌာန- ဖုန်း - ၀၉ ၄၂၈၇၃၀၉၉၂၊ ၀၉ ၄၂၈၇၃၀၉၉၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
ရွှေဖီဦး BLACK TEA (နောင်တရား) ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
Tea Mix
Black Tea
ရွှေဖီဦး
Lemon Tea
SHWE PHE OO
Lemon Tea
(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့်
အချောအသေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊
လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
PADONMAR




OKKAN
SUGAR
MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar

❖ **စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူ. . .**
❖ **စာတတ်ပြီးစာမဖတ်သည့်သူမှာ ရပ်နေသည့်လူနှင့်တူ. . .**
❖ **စာတတ်ပြီး စာလည်းဖတ်သည့်သူမှာတော့ လမ်းလျှောက်နေသည့်သူနှင့်တူ. . .**
❖ **လူငယ်များအပါအဝင် ပြည်သူများစာဖတ်ကြစေရန် မိမိတို့အားပေးကြရမည်ဖြစ်. . .**
❖ **စာပေလေ့လာဖတ်ရှုနိုင်မည့်ပတ်ဝန်းကျင်များ ဖန်တီးပေးကြရမည်ဖြစ်. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင်ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ/တပ်ရင်းတပ်ဖွဲ့စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## ရေဘေးသင့်ပြည်သူများအတွက် အလှူငွေဆက်လက်လက်ခံမည့်အစီအစဉ် အသိပေးကြေညာခြင်း

မုန်တိုင်းရာဂီ၏သက်ရောက်မှုနှင့် ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းတို့၏အရှိန်ကြောင့်ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများတွင် ရေဘေးသင့်ခဲ့ရသည့် ပြည်သူလူထုအား ကူညီထောက်ပံ့နိုင်ရန်အတွက် ၂၈-၉-၂၀၂၄ ရက် (စနေနေ့) မွန်းလွဲ(၂)နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ လှူဒါန်းမှုများကို အခမ်းအနားဖြင့် ဆက်လက်လက်ခံသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လှူဒါန်းလိုသူများအနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်စာရင်းပေးသွင်းလှူဒါန်းနိုင်ပါသည်-

(၁) ဒေါ်လဲ့လဲ့အေး၊ ညွှန်ကြားရေးမှူးချုပ်၊ ဖုန်းနံပါတ် ၀၉-၂၀၂၁၄၉၁
(၂) ဦးဝင်းရွှေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဖုန်းနံပါတ် ၀၉-၂၅၄၁၇၀၀၁၁
(၃) ဒေါ်စုစုထွန်း၊ ညွှန်ကြားရေးမှူး၊ ဖုန်းနံပါတ် ၀၉-၄၃၀၀၉၂၉၁

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့်နေရာများတွင် လိုအပ်သည့်သန့်ရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက်၊ စားသောက်ဖွယ်ရာများနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၅

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ **စာမျက်နှာ ၁၁ ကော်လံ ၁ ●**



နယ်မြေခံတပ်မတော်သားများက လွိုင်ကော်မြို့တွင် ဘီလူးချောင်းရေမြင့်တက်ပြီး ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သဖြင့် ဒေသခံပြည်သူများဘေးအန္တရာယ်ကင်းဝေးစေရေး ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

### အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏လက်နက်/ခဲယမ်းကိုင်ထွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**ပြတ်တောက်သွားသောညာဘက်လက်မအား ပြန်လည်ဆက်ပေးသည့် ခွဲစိတ်ကုသမှု ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့**

စာ - ၂၇ သို့

### လေဖိအားနည်းရပ်ဝန်း အားလျော့သွားပြီဖြစ်

နေပြည်တော် စက်တင်ဘာ ၂၅

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းလွန်-ဩရိဿတောင်ပိုင်းကမ်းခြေ) **စာမျက်နှာ ၁၁ ကော်လံ ၄ ■**

